စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# စိုက်ပျိုးစီးပွားသတင်းလွှာ

## (၂၀၂၂ ခုနှစ်၊ ဇူလိုင်လ)

အပတ်စဉ်သတင်းလွှာ အမှတ်စဉ် - ၂၆ မှ ၂၉ /၂၀၂၂ ထိအား စုစည်းတင်ပြပါသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၆/ ၂၀၂၂) ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၇) ရက်

| ၇-၇-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၅၀.၀ |
| ယူရို | ၁၈၈၃.၉ |
| စင်္ကာပူဒေါ်လာ | ၁၃၂၀.၆ |
| စတာလင်ပေါင် | ၂၂၁၃.၃ |
| ဂျပန်ယန်း (၁၀၀) | ၁၃၅၈.၉ |
| တရုတ်ယွမ် | ၂၇၅.၉၅ |
| ဟောင်ကောင် ဒေါ်လာ | ၂၃၅.၇၂ |
| အိန္ဒိယရူပီး | ၂၃.၃၅၀ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၂.၂၉ |
| မလေးရှား ရင်းဂစ် | ၄၁၇.၈၀ |
| ဖိလစ်ပိုင်ပီဆို | ၃၃.၀၂၀ |
| ထိုင်းဘတ် | ၅၁.၁၅၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၁၉၅ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **အထွေထွေသတင်းများ**

- ဂျာမနီနိုင်ငံ၏ ကုန်သွယ်မှုနှင့် စက်သုံးဆီဈေးနှုန်းများ အခြေအနေ
- Intel Company က ဂျာမနီနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စီစဉ်ဆောင်ရွက်ခြင်း
- တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် ဇွန်လတွင် အလူမီနီယံဈေးများ ကျဆင်းခဲ့ပြီး လာမည့်တတိယ သုံးလပတ်တွင် အလူမီနီယမ် ရောင်းလိုအားကောင်းလာမည်ဟု ခန့်မှန်း
- ပြည်တွင်းရေနံဈေး တက်မည်မဟုတ်ကြောင်း တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကော်မရှင်၏ဝက်ဆိုဒ်တွင် ဖော်ပြအသိပေး
- တရုတ်နိုင်ငံပြည်တွင်း ယူရီးယားဈေး ပြီးခဲ့သည့် ရက်သတ္တပတ်တွင် ၂.၂၁ ရာခိုင်နှုန်း ကျဆင်းခဲ့

## ဂျာမနီနိုင်ငံ၏ ကုန်သွယ်မှုနှင့် စက်သုံးဆီဈေးနှုန်းများ အခြေအနေ

ဂျာမနီနိုင်ငံသည် တတိယကမ္ဘာ့အကြီးဆုံး ပို့ကုန်တင်ပို့သူဖြစ်ပြီး ပို့ကုန်တန်ဘိုးသည် နိုင်ငံစီးပွားရေး၏ ထက်ဝက်ခန့်ရှိပါသည်။ ၂၀၂၁ ခုနှစ်တွင် ပို့ကုန် ယူရို (၁၃၇၅.၆၅၈)ဘီလီယံနှင့် သွင်းကုန်ယူရို (၁၂၀၃.၁၇၄)ဘီလီယံ ရှိပြီး ကုန်သွယ်မှုပိုငွေ ယူရို (၁၇၂.၄၈၄) ဘီလီယံ ရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ်မေလအတွင်း စုစုပေါင်း ပို့ကုန်တန်ဘိုး ၁၂၂.၃၀၀ ဘီလီယံရှိခဲ့ပြီး အီးယူပြင်ပနိုင်ငံများသို့ ပို့ကုန်တန်ဘိုး ယူရို (၅၇.၇) ဘီလီယံရှိခဲ့ရာ ဧပြီလထက် ၁.၁ ရာခိုင်နှုန်း အားဖြင့် တိုးတက်ခဲ့ပါသည်။ အဓိကတင်ပို့ခဲ့သည့်နိုင်ငံမှာ အမေရိကန်နိုင်ငံသို့ဖြစ်ပြီး တန်ဘိုးအားဖြင့် ယူရို(၁၃.၆)ဘီလီယံဖြစ်ကာ ကာလတူ ၂၀၂၁ ခုနှစ်မေလထက် အမေရိကန်နိုင်ငံသို့ ၄၉.၇ ရာခိုင်နှုန်း ပိုမိုတိုးတက်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါသည်။ အခြားတင်ပို့ခဲ့သည့်နိုင်ငံများမှာ တရုတ်နိုင်ငံသို့ ယူရို(၉.၃) ဘီလီယံ၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံသို့ ယူရို(၅.၉) ဘီလီယံ တင်ပို့ခဲ့ပြီး ၂၀၂၁ ခုနှစ် ကာလတူထက် အသီးသီးပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ ရုရှားနိုင်ငံသို့ တင်ပို့မှုမှာမူ ဧပြီလတွင် ယူရို(၀.၈) ဘီလီယံနှင့် မေလတွင် ယူရို(၁.၁) ဘီလီယံတို့ဖြစ်ကာ ၂၀၂၁ ခုနှစ် ကာလတူထက် ၆၄.၁ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ပါသည်။ ရုရှားနိုင်ငံအနေဖြင့် မေလတွင် ဂျာမနီနိုင်ငံ၏ ပို့ကုန်နိုင်ငံများအနက် အဆင့်(၁၀)နေရာတွင်ရှိနေပါသည်။ ဂျာမနီနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်းပို့ကုန်များမှာ မတ်လတွင် ယူရို (၁.၀၀၁) ဘီလီယံ ရှိခဲ့ရာမှ ဧပြီလတွင် ယူရို (၈၆၇.၁၀)သန်းသို့ ကျဆင်းခဲ့သည်။

သွင်းကုန်ပိုင်းတွင် ၂၀၂၂ ခုနှစ်ဧပြီလ၌ စုစုပေါင်းသွင်းကုန်တန်ဘိုး ယူရို (၁၂၁.၄၅၄) ဘီလီယံရှိခဲ့ရာ တရုတ်နိုင်ငံမှ ယူရို (၁၆.၇)ဘီလီယံတင်သွင်းမှုရှိခဲ့ပြီး ၂၀၂၁ ခုနှစ် ကာလတူထက် ၅၂.၈ ရာခိုင်နှုန်း ပိုမိုတင်သွင်းမှုရှိခဲ့ပါသည်။ တရုတ်နိုင်ငံမှ အဓိကတင်သွင်းကုန်များမှာ ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းကိရိယာများ၊ Chemical products ၊ Data processing equipment များဖြစ်ကြပါသည်။ ရုရှားနိုင်ငံမှ ယူရို(၃.၇) ဘီလီယံဘိုး တင်သွင်းခဲ့ပြီး ရေနံနှင့်ဓါတ်ငွေ့၊ ကျောက်မီးသွေးနှင့် refined petroleum products တို့ဖြစ်ပါသည်။

၂၀၂၂ ခုနှစ် ပထမသုံးလပတ်အတွင်း ဂျာမနီနိုင်ငံ၏ ဂျီဒီပီမှာ (၀.၂)ရာခိုင်နှုန်းအားဖြင့်တိုးတက်မှုရှိပြီး ငွေကြေးဖောင်းပွမှုနှုန်းမှာ မေလတွင် (၇.၉) ရာခိုင်နှုန်းရှိပါသည်။ ဂျာမနီနိုင်ငံတွင် အခြားအီးယူ အဖွဲ့ဝင်နိုင်ငံများနည်းတူ စက်သုံးဆီဈေးနှုန်းများ မြင့်တက်လျှက်ရှိပြီး ၁ လီတာလျှင် သတ်မှတ်နှုန်းဖြင့် အခွန်သက်သာခွင့်(ဓါတ်ဆီ၁လီတာလျှင် ၂၉.၅၅ ဆင့်၊ ဒီဇယ် ၁ လီတာလျှင် ၁၄.၀၄ ဆင့်)ကို ၃ လ(ဇွန်လမှ ဩဂုတ်လထိ) ပေးထားသည့် အစီအစဉ်ကြောင့် အချို့အိမ်နီးချင်း

နိုင်ငံများထက် အနည်းငယ်စျေးသက်သာနေခြင်းရှိနေသည်။ အိမ်ခန်း စျေးနှုန်းများမှာလည်း ၂၀၂၂ ခုနှစ် ပထမ(၃) လအတွင်း ၂၀၂၁ ခုနှစ် ကာလတူထက် ၁၂ ရာခိုင်နှုန်း မြင့်တက်မှုရှိလာသလို စားသောက်ကုန်နှင့် အခြားကုန်စည်စျေးနှုန်းများလည်း မြင့်တက်လာနေပါသည်။

Sources: https://tradingeconomics.com/germany/exports

https://www.destatis.de/EN/Themes/Economy/Short-Term-Indicators/IMF/IMF_IWF.html?nn=22952#External

https://www.destatis.de/Europa/DE/Thema/Verkehr/kraftstoffpreise.html

သီတာဝင်းငွေး၊ စီးပွားရေးသံမှူး
ဘာလင်

.............................................................................

## Intel Company က ဂျာမနီနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စီစဉ်ဆောင်ရွက်ခြင်း

အမေရိကန်နိုင်ငံ Intel Company က ဂျာမနီနိုင်ငံအရှေ့ပိုင်း Magdeburg မြို့တွင် Computer microchips များထုတ်လုပ်သည့် Complex တစ်ခုကို လာရောက် ရင်းနှီးမြှုပ်နှံစီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။ အဆိုပါ 3D High-tech processor complex သည် ယူရို ၁၇ ဘီလီယံ တန်ဘိုးရှိပြီး ၂၀၂၃ ခုနှစ်အစောပိုင်းတွင် စတင်တည်ဆောက်နိုင်ရန် ရည်မှန်းထားရှိပါသည်။ Intel Germany ၏ မန်နေဂျင်းဒါရိုက်တာ Ms.Christin Eisenschmid က ဂျာမနီနိုင်ငံစျေးကွက်ကို အဓိကဦးတည်၍ ဥရောပနှင့် အခြားစျေးကွက်များကို ဝင်ရောက်ရန် ရည်ရွယ်ကြောင်း၊ ရေရှည်တွင် ချိတ်ဆက်ထားသော စက်ရုံ(၈) ခုအပါအဝင် Mega-fab ကြီးတစ်ခုကို တည်ထောင်ရန် ရည်ရွယ်ထားကြောင်း၊ cutting-edge chips များ ထုတ်လုပ်၍ ဥရောပဒေသတွင် ဒစ်ဂျစ်တယ်စနစ် ကူးပြောင်းရာ၌ အရေးပါလာစေရန်ဖြစ်ကြောင်း၊ ဥရောပဒေသအနေအထားအရ cutting-edge semiconductor ထုတ်လုပ်မှုများနှင့် ဂေဟစနစ်တိုးတက်မှုများ ပေါင်းစပ်လာစေရန် မဟာဗျူဟာချမှတ်ထားရှိကြောင်း၊ အာရှနိုင်ငံများမှ Semiconductor များ တင်သွင်းရမှုကိုလည်း လျော့ကျစေနိုင်မည်ဖြစ်ကြောင်း ပြောကြားပါသည်။

ဂျာမနီနိုင်ငံအနေနှင့် လက်ရှိတွင် ကမ္ဘာ့စီးပွားရေးတွင်စတုတ္ထအကြီးဆုံးနှင့် ဥရောပတွင် တိုးတက်မှုအများဆုံးရှိသည့် နိုင်ငံဖြစ်ခြင်း၊ အော်တိုမိုတစ်၊ ဒစ်ဂျစ်တယ်ကဏ္ဍ၊ Cloud computing

နှင့် လုံခြုံမှုအပိုင်းများ တိုးတက်မှုရှိခြင်း၊ ထိပ်တန်းဦးဆောင်ကုမ္ပဏီကြီးများရှိခြင်း၊ ကမ္ဘာ့အဆင့်မီ သုတေသနအဖွဲ့အစည်းများရှိခြင်း စသည်တို့က Intel ကုမ္ပဏီအတွက် လာရောက် ရင်းနှီးမြှုပ်နှံရန် အဓိကအချက်များဖြစ်စေကြောင်း၊ Magdeburg ဒေသသည်လည်း လိုအပ်သည့်အခြေခံအဆောက် အအုံပိုင်း၊ နေရာအကျယ်အဝန်းပိုင်း သင့်တော်ကောင်းမွန်ပြီး အဓိက မြို့ကြီးများ၊ တက္ကသိုလ်များနှင့် လည်း ချိတ်ဆက်သွားလာလွယ်ကူမှု ရှိခြင်းတို့ကလည်း လုပ်ငန်းကျွမ်းကျင်သူများနှင့် အခြားစက်မှု လုပ်ငန်းများ၊ ဝယ်ယူသုံးစွဲသူများနှင့် ထိတွေ့မှုရရှိနိုင်ကြောင်း Ms.Christin Eisenschmid က ထပ်မံ ပြောကြားပါသည်။

Intel ကုမ္ပဏီအနေနှင့် လက်ရှိတွင် Magdeburg ဒေသတာဝန်ရှိသူများနှင့် နီးကပ်စွာဆက် သွယ်ဆောင်ရွက်နေပြီး ၂၀၂၃ ခုနှစ် ပထမနှစ်ဝက်ပိုင်းတွင် ၄၅၀ ဟက်တာအကျယ်တွင် တည် ဆောက်ရေးလုပ်ငန်းများ စတင်ပြီး ၂၀၂၇ ခုနှစ်တွင် cutting-edge semiconductor များ ထုတ်လုပ် မှုစတင်နိုင်ရန် ရည်မှန်းထားပါသည်။ စီမံကိန်းနေရာရွေးချယ်ခြင်းနှင့် လုပ်ငန်းစတင်နိုင်ရန်တို့ အတွက် ဂျာမန်ဖက်ဒရယ်အစိုးရ၊ Saxony-Anhalt ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် Gemany Trade and Invest (GTAI) တို့က ဝိုင်းဝန်းပူးပေါင်း ပံ့ပိုးပေးကြပါသည်။

Source: Gemany Trade and Invest (GTAI) Newsletter, June 2022

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

## တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် ဇွန်လတွင် အလူမီနီယံဈေးများ ကျဆင်းခဲ့ပြီး လာမည့်တတိယ သုံးလပတ်တွင် အလူမီနီယမ် ရောင်းလိုအားကောင်းလာမည် ဟုခန့်မှန်း

**ဈေးကွက်အလားအလာ**

ဆန်ဆာဝက်ဆိုဒ်၏ အချက်အလက်များအရ (၂၉-၆-၂၂)ရက်နေ့တွင် တရုတ်နိုင်ငံ အရှေ့ ပိုင်းရှိ အလူမီနီယံပစ္စည်းများ၏ တစ်တန် ပျမ်းမျှဈေးကွက်ပေါက်ဈေးမှာ ၁၉,၃၈၃.၃၃ ယွမ် ဖြစ်ပြီး တစ်နေ့အတွင်းဈေးမြင့်တက်မှု ၀.၆၄ ရာခိုင်နှုန်း ရှိခဲ့ကြောင်း ဇွန်လအစပိုင်းတွင် တစ်တန်ပျမ်းမျှ ဈေးကွက်ပေါက်ဈေး ၂၀,၂၀၆.၆၇ ယွမ် နှင့် နှိုင်းယှဉ်ပါက ၄.၀၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် ယမန်နှစ် အလားတူကာလက တစ်တန် ပျမ်းမျှဈေးကွက်ပေါက်ဈေး ၁၈,၈၀၀ နှင့် နှိုင်းယှဉ်ပါက ၃.၁၀ ရာခိုင်နှုန်း တိုးလာပါသည်။

အလူမီနီယံပေါက်ဈေးသည် (၁၉-၁၀-၂၁)ရက်နေ့တွင် တစ်တန် ပျမ်းမျှဈေးနှုန်း ၂၄,၂၄၀ယွမ်ဖြင့် အမြင့်ဆုံးသို့ရောက်ခဲ့ပြီး မကြာမီကာလတွင် ယင်းမှသွေဖည်ကာ ၂၀.၀၄ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ယင်းနောက်ပိုင်းကာလတွင် အခြေအနေ ပြန်လည်ကောင်းမွန်လာပြီး (၁၃-၁၂-၂၁) ရက်နေ့မှစတင်၍ အလူမီနီယံ၏တစ်တန်ပျမ်းမျှ ဈေးကွက်ဈေးနှုန်းသည် ၁၈,၆၉၃.၃၃ ယွမ်ခန့် ဈေးပေါက်ခဲ့ပြီးနောက် မကြာမီ ၃.၈၂ ရာခိုင်နှုန်း တိုးလာခဲ့ပါသည်။

ရောင်းလိုအားနှင့် ဝယ်လိုအားကို ချိန်ညှိသုံးသပ်ရာတွင် ပြည်တွင်းအလူမီနီယမ်ချောင်း ထုတ်လုပ်မှုစွမ်းရည် လျှော့ချရေးနှင့် ထုတ်လုပ်မှု ပြန်လည်စတင်ခြင်း တိုးတက်မှုအနေဖြင့် ပြည်တွင်း အလူမီနီယံ သွင်းကုန်ထုတ်လုပ်မှု လျှော့ချရေးနှင့် ထုတ်လုပ်မှုပြန်လည်စတင်ရေး တိုးတက်မှုသည် စုစုပေါင်း တန်ချိန် ၂.၄၉၅ သန်းဖြင့် ပြန်လည်စတင် ထုတ်လုပ်နိုင်မှု ၈၀ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပါသည်။

မတော်တဆမှုလုပ်ငန်းများရပ်ဆိုင်းခြင်းမှလွဲ၍ ဒေသအမျိုးမျိုးတွင် ယူနန်သည် ယေဘူယျအားဖြင့် ထုတ်လုပ်မှုကို ပြန်လည်စတင်ခဲ့သည်။ အတွင်း မွန်ဂိုလီးယားနှင့် ဟဲနန်ဒေသများတွင် ထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းကျော်ကို ပြန်လည်စတင်ခဲ့ပြီး ရှန်ရှီးတွင် ၇၀ ရာခိုင်နှုန်း၊ ကွမ်ရှီးနှင့် ကွေ့ကျိုးဒေသတို့ ၄၀ မှ ၅၀ တွင် ရာခိုင်နှုန်းစီ အသီးသီးရှိသည်။

ပြည်တွင်းထုတ်လုပ်မှုစွမ်းရည်အသစ်၏ ၃၀ ရာခိုင်နှုန်းကို ထုတ်လုပ်မှုတွင် ထည့်သွင်းထားပြီး ပြည်တွင်းထုတ်လုပ်မှု စွမ်းရည်အသစ် ထုတ်လုပ်မှုနှင့် ပတ်သက်၍ ယူနန်ပြည်နယ်ရှိ အချို့သောပရောဂျက်များသည် အခြေခံအားဖြင့် ထုတ်လုပ်မှုကိုစတင်ခဲ့ပြီး အခြားပရောဂျက်များမှာလည်း ထုတ်လုပ်မှုအတွက် ပြင်ဆင်နေဆဲဖြစ်သည်။ အတွင်းမွန်ဂိုလီးယားရှိ ထုတ်လုပ်မှု၏အချို့ကို ယခုနှစ်အတွင်း အပြည့်အဝထုတ်လုပ်နိုင်မည်ဟု မျှော်လင့်ရသည်။ ခြုံကြည့်သော် ထုတ်လုပ်မှုနှုန်းသည် ၃၀% ခန့်ရှိပြီး ယခုနှစ်ဒုတိယနှစ်ဝက်တွင် ထုတ်လုပ်မှုပမာဏ ၈၀၀,၀၀၀ တန် ထပ်မံထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားသည်။ ဈေးကွက်အမြင် ရောင်းလိုအားနှင့် ဝယ်လိုအား ရှုထောင့်မှကြည့်လျှင် ထုတ်လုပ်မှုစွမ်းရည်အသစ်ကို ထုတ်လုပ်မှုတွင် တစ်မျိုးပြီးတစ်မျိုး ထည့်သွင်းမည်ဟု မျှော်လင့်ရပြီး ထုတ်လုပ်မှုစွမ်းရည်ကို တတိယသုံးလပတ်တွင် ထုတ်လုပ်မှုအဖြစ်သို့ ပြောင်းလဲနိုင်ခြေရှိသည်။

ရင်းမြစ် http://www.sunsirs.com/uk/detail_news-7808.html

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

Agribusiness & Trade

# ပြည်တွင်း ရေနံဈေး တက်မည်မဟုတ်ကြောင်း တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကော်မရှင်၏ဝက်ဆိုဒ်တွင်ဖော်ပြအသိပေး

တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကော်မရှင်၏ ဝဘ်ဆိုဒ်တွင် (၂၉-၆-၂၂) ရက်နေ့တွင် ဖော်ပြချက်အရ တရုတ်နိုင်ငံ၏ ရေနံထုတ်ယူမှု အချိုးသည် ၇၀ ရာခိုင်နှုန်းကို ကျော်လွန်သွားခဲ့ကြောင်း လက်ရှိ ရေနံကုန်ချောဈေးနှုန်း ယန္တရားအရ ပြည်တွင်းရေနံကုန်ချောဈေးနှုန်းသည် နိုင်ငံတကာဈေးကွက်ရေနံစိမ်းပေါက်ဈေးဖြင့် အလုပ်လုပ်ရက် ၁၀ ရက်လျှင်တစ်ကြိမ် ပျမ်းမျှဈေးနှုန်းကို ညှိနှိုင်းပြောင်းလဲသတ်မှတ်ကြောင်း (ဆီဈေးနှုန်း ညှိနှိုင်းမှုနေ့မတိုင်မီ ၁၀ ရက် ပျမ်းမျှဈေးနှုန်းကို နိုင်ငံတကာရေနံဈေး အဖြစ်ယခုမှစ၍နောင်တွင်ရည်ညွှန်း) နိုင်ငံတကာ ရေနံဈေးနှုန်းသည် တရုတ်နိုင်ငံ၏ဥပဒေအရကန့်သတ်ချက်၏ အမြင့်ဆုံးပမာဏဖြစ်သည့် တစ်စည်လျှင် ဒေါ်လာ ၁၃၀ ထက်ကျော်လွန်ပါက ဓာတ်ဆီနှင့် ဒီဇယ်ဈေးများကို မြှင့်တင်ခြင်းမပြုရန် (သို့မဟုတ်) မူအရ ထိုပမာဏအောက်လျော့၍သာ ဈေးတက်ရန်ဖြစ်ကြောင်း ထုတ်လုပ်မှုအဆင့် နောက်ပိုင်းသုံးစွဲသူများနှင့် စားသုံးသူများအတွက် ဝန်ထုပ်ဝန်ပိုး လျှော့ချပေးရန်နှင့် အမှန်တကယ် ထုတ်လုပ်မှုကုန်ကျစရိတ် လျော့ကျစေရန် နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတကာရေနံဈေးနှုန်းသည် ဥပဒေအရ ကန့်သတ်ချက်၏ အမြင့်ဆုံးပမာဏဖြစ်သည့် တစ်စည်လျှင် ဒေါ်လာ ၁၃၀ ထက်ကျော်လွန်ပါက ဓာတ်ဆီနှင့် ဒီဇယ်ဈေးများကို ရေတို (နှစ်လထက် မကျော်လွန်သောကာလ)တွင် မြှင့်တင်ခြင်းမပြုရန်၊ အကယ်၍ နိုင်ငံတကာ ရေနံဈေးနှုန်း နှစ်လထက်ကျော်လွန်ဈေးတက်ပါက သင့်လျော်သောမူဝါဒနှင့် အစီအမံများဖြင့် ကြိုတင်သတ်မှတ်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

တစ်ချိန်တည်းတွင်ပင် ဆီချောသန့်စင်သော အင်တာပရိုက်စ်များ၏ ထုတ်လုပ်ရန်စိတ်အားထက်သန်မှုကို ကာကွယ်သည့်အနေဖြင့်လည်းကောင်း ဘေးအန္တရာယ်ကင်းရှင်းပြီး တည်ငြိမ်သောကုန်ချော ထုတ်လုပ်မှုကိုသေချာစေရန်အတွက်လည်းကောင်း ဗဟိုအစိုးရမှ ရေနံချက်လုပ်သည့်လုပ်ငန်းများအား အချိန်မှန်ဈေးနှုန်းထောက်ပံ့မှုများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဈေးနှုန်းညှိနှိုင်းမှုကာလအတွင်း ထောက်ပံ့ကြေးစံနှုန်းသည် ချိန်ညှိသော ဓာတ်ဆီနှင့် ဒီဇယ်ဈေးနှုန်း ပမာဏဖြစ်သင့်ကြောင်း ယင်းကို အရည်အချင်းပြည့်မီသော ရေနံချက်လုပ်ငန်းများ လုပ်ငန်းစဉ်အလိုက် လျှောက်ထားနိုင်ကြောင်း ဖော်ပြထားပါသည်။

ရင်းမြစ် http://www.sunsirs.com/uk/detail_news-7815.html

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

Agribusiness & Trade

## တရုတ်နိုင်ငံပြည်တွင်း ယူရီးယားဈေး ပြီးခဲ့သည့် ရက်သတ္တပတ်တွင် ၂.၂၁ ရာခိုင်နှုန်း ကျဆင်းခဲ့

တရုတ်နိုင်ငံ၏ပြည်တွင်း ယူရီးယားဈေးနှုန်းသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ၂.၂၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြထားသောဇယားအရ ပြည်တွင်း ယူရီးယားဈေးကွက် ပေါက်ဈေးသည် လွန်ခဲ့သည့်အပတ်က တစ်တန်လျှင် တရုတ်ငွေကြေး ၃၁၆၇ ယွမ် ရှိခဲ့ရာမှ ယခင်အပတ်က အနည်းငယ် ကျဆင်းခဲ့ပြီး ယခုသီတင်းပတ်ကုန်တွင် ၃၀၉၇ ယွမ်သို့ ၂.၂၁ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ယမန်နှစ် အလားတူကာလထက် ၁၅.၁၃ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း ကုန်ကျစရိတ်ပံ့ပိုးမှု ကောင်းမွန်၍ ထုတ်လုပ်မှုနောက်ပိုင်းဝယ်လိုအားသည် ယေဘုယျသာဖြစ်သော်လည်း ယူရီးယားရောင်းလိုအားမှာမြင့်မားပါကြောင်း ဖော်ပြထားပါသည်။

အမြောက်အမြားထုတ်လုပ်သူများထံမှ အချက်အလက်များအရ တရုတ်နိုင်ငံရှိ ပင်မစက်ရုံထုတ် ယူရီးယားဈေးနှုန်းသည် ပြီးခဲ့သည့်အပတ်က အနည်းငယ်ကျဆင်းခဲ့ကြောင်း ဂျန်ရှူးစန် Zhangzhou San'an ယူရီးယား တစ်တန်လျှင် ယွမ် ၃၃၀၀ ဖြင့် ယခုသီတင်းပတ်တွင် ဈေးပေါက်ခဲ့ရာလွန်ခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်နှင့် နှိုင်းယှဉ်ပါက ယာယီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း ရှန်ဒုံးရှီဇင်း Shandong Ruixing ယူရီးယားတစ်တန်လျှင် ၃၀၆၀ ဖြင့် ဈေးပေါက်ခဲ့ပြီး ယခုသီတင်းပတ်တွင် တစ်တန်လျှင် ၉၀ ယွမ် ကျဆင်းသွားကြောင်း၊ Hualu Hengsheng ယူရီးယားသည် ယခုသီတင်းပတ်ကုန်တွင် ၃၀၈၅ ယွမ်/တန် ဈေးပေါက်ခဲ့ရာ လွန်ခဲ့သည့်နှစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် ၂၀ ယွမ်ဈေးကျဆင်းခဲ့ကြောင်း စက်မှုလုပ်ငန်းကွင်းဆက်၏ အထက်ပိုင်းနှင့် အောက်ပိုင်းအချက်အလက်များအရ ယူရီးယား၏အထက်ပိုင်း ထွက်ကုန်များသည် ယခင်အပတ်ကထက် အနည်းငယ်ကျဆင်းသွားကြောင်း ၊ liquefied natural gas LNG ဈေးနှုန်းသည် လွန်ခဲ့သည့်နှစ်ပတ်ကုန်တွင် တစ်တန်လျှင် ၆၃၆၂ မှ သို့ လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း ၅၈၂၀ ယွမ်သို့ အနည်းငယ်ကျဆင်းသွားခဲ့ကြောင်း ယခင်အပတ်က ၈.၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက တစ်နှစ်ထက်တစ်နှစ် ၆၄.၅၆ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း အင်သရာဆိုဒ်ကျောက်မီးသွေးဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့ကြောင်း မေလမှ ဇွန်လအထိ အင်သရာဆိုဒ်ကျောက်မီးသွေးဈေးနှုန်းသည် တစ်တန်လျှင်ယွမ်၂၅၀ ခန့် မြင့်တက်ခဲ့ကြောင်း ယူရီးယားထုတ်လုပ်မှု အဆင့်နောက်ပိုင်းရှိ မယ်လမင်းဈေးသည် ပြီးခဲ့သည့် သီတင်းပတ်ကုန်တွင် တစ်တန်လျှင် ၉၆၀၀ ယွမ်မှ ယခင်သီတင်း

Agribusiness & Trade

ပတ်ကုန်တွင် ၉၅၃၃.၃၃ ယွမ်သို့ ယခင်အပတ်က အနည်းငယ်ကျဆင်းခဲ့ပြီး ၀.၆၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

ဂယ်လိုအား၏ ရှုထောင့်မှနေ၍ စိုက်ပျိုးရေးဝယ်လိုအားသည် ယေဘူယျဖြစ်ပြီး စက်မှုကဏ္ဍလိုအပ်ချက်မှာ အဓိကအားဖြင့် ခိုင်မာပါကြောင်း တောင်ဘက်တွင် မိုးရွာသွန်းမှုပိုများလာပြီး စိုက်ပျိုးရေးအပိုင်းမှ လိုအပ်ချက် လျော့နည်းလာကြောင်း ဒြပ်ပေါင်းဓာတ်မြေဩဇာနှင့် ရော်ဘာပြားစက်ရုံများ၏ လုပ်ငန်းများသည် ယေဘူယျအားဖြင့် ဝယ်ယူရန် လိုအပ်ရုံမျှသာဖြစ်ပြီး ၎င်းတို့၏ လုပ်ငန်းကို စတင်ခဲ့ကြကြောင်း မယ်လမင်းဈေးအနည်းငယ်ကျလာပြီး ယူရီးယားဝယ်ယူမှုအပေါ် စိတ်အားထက်သန်မှု အားနည်းလာခဲ့သည်။

ရောင်းလိုအားရှု့ထောင့်မှနေ၍ တစ်နေ့လျှင် ယူရီးယားအထွက်နှုန်းမှာ တန်ချိန် ၁၇၀၀၀၀ ခန့်ရှိကြောင်း မကြာသေးမီက အချို့သော ထုတ်လုပ်သူများသည် စက်ရုံပြုပြင်မွမ်းမံရန် စီစဉ်နေပြီး ယူရီးယားအထွက်နှုန်း လျော့ကျမည်ဟု မျှော်လင့်ရကြောင်း အနာဂတ်ဈေးကွက်တွင် ယူရီးယားဈေးအနည်းငယ် အတက်အကျရှိပြီး အဓိကအားဖြင့် ကျဆင်းခဲ့ကြောင်း ဇူလိုင်လ ပထမဆယ်ရက်အတွင်း ပြည်တွင်း ယူရီးယားဈေးကွက်သည် အဓိကအားဖြင့် စုစည်းမှုကြောင့် အနည်းငယ်ကျဆင်းခဲ့ကြောင်း ယူရီးယားလေ့လာသုံးသပ်သူများသည် ယူရီးယားထုတ်လုပ်မှု အထက်ပိုင်းရှိ အင်သရာဆိုဒ်ကျောက်မီးသွေးအတုံး ဈေးကွက်အနည်းငယ်တက်လာပြီး ကုန်ကျစရိတ်ထောက်ပံ့မှု ကောင်းမွန်မည်ဟု ယုံကြည်ကြကြောင်း ယူရီးယားထုတ်လုပ်မှု၏နောက်ပိုင်း စိုက်ပျိုးရေးဝယ်လိုအား အားနည်းလာကာ စက်မှုဝယ်လိုအား လွှမ်းမိုးလာသဖြင့် ယူရီးယားတင်ပို့မှုကို ကန့်သတ်ထားကြောင်း ယူရီးယားနေ့စဉ် ထုတ်လုပ်မှုသည် မြင့်မားသောအဆင့်တွင်ရှိပြီး ကျဆင်းမည့်မျှော်လင့်ချက်များရှိကြောင်း လက်ရှိမှာ ရောင်းလိုအားက ဝယ်လိုအားထက် ကျော်လွန်နေပြီး မကြာသေးမီက ယူရီးယားသည် အနည်းငယ်ကျဆင်းသွားနိုင်ကြောင်း သိရှိရပါသည်။

ရင်းမြစ် http://www.sunsirs.com/uk/detail_news-7790.html

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

………………………………………………………………………………………………

Agribusiness & Trade

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၇/ ၂၀၂၂) ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၁၄) ရက်

| ၁၄-၇-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၅၀.၀ |
| ယူရို | ၁၈၅၄.၃ |
| စင်္ကာပူဒေါ်လာ | ၁၃၂၀.၂ |
| စတာလင်ပေါင် | ၂၁၉၃.၁ |
| ဂျပန်ယန်း (၁၀၀) | ၁၃၃၁.၁ |
| တရုတ်ယွမ် | ၂၇၄.၃၂ |
| ဟောင်ကောင် ဒေါ်လာ | ၂၃၅.၆၇ |
| အိန္ဒိယရူပီး | ၂၃.၁၆၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၀.၆၅ |
| မလေးရှား ရင်းဂစ် | ၄၁၆.၂၉ |
| ဖိလစ်ပိုင်ပီဆို | ၃၂.၈၈၂ |
| ထိုင်းဘတ် | ၅၀.၆၇၈ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၈၉၉၂ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ၂၀၂၂ ခုနှစ်၊ ဇွန်လအတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း သတင်းထုတ်ပြန်ချက်

- **အထွေထွေသတင်းများ**

➢ Biofach Organic ပြပွဲ ကျင်းပမည့် အစီအစဉ်

➢ ဂျာမနီနိုင်ငံတွင် ကုန်သွယ်မှုလိုငွေပြမှု ဖြစ်ပေါ်ခြင်း

➢ ယူရိုငွေကြေးတန်ဘိုး ကျဆင်းမှုဖြစ်ပေါ်ခြင်း

➢ ခရိုအေးရှားနိုင်ငံက ယူရိုငွေကြေးစတင်အသုံးပြုရန် စီစဉ်ဆောင်ရွက်ခြင်း

## ၂၀၂၂ ခုနှစ်၊ ဇွန်လအတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း သတင်းထုတ်ပြန်ချက်

အီတလီနိုင်ငံ၊ ရောမမြို့အခြေစိုက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့( Food and Agriculture Organization– FAO) မှ ၂၀၂၂ ခုနှစ်၊ ဇွန်လအတွက် စာနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း (FAO Food price Index–FFPI) သည် အနည်းငယ်ဆက်လက်ကျဆင်းခဲ့ပြီး တတိယမြောက်လ အနေဖြင့် ၃ လဆက်တိုက် ကျဆင်းခဲ့ကြောင်း၊ ပျမ်းမျှ ၁၅၄.၂ မှတ်ရှိခဲ့ပြီး မေလထက်၂.၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ယင်းသည် ကမ္ဘာဈေးကွက်တွင် နို့နှင့်အသားဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း ဟင်းသီးဟင်းရွက်ဆီ နှံစားသီးနှံများနှင့် သကြားဈေးနှုန်းများ ကျဆင်းမှုတို့ကြောင့်ဖြစ်ကြောင်း၊ နှံစားသီးနှံဈေးနှုန်းညွှန်းကိန်း (Cereal Price Index) မှာ ဇွန်လတွင် ပျမ်းမျှ ၁၆၆.၃ မှတ်ရှိခဲ့ပြီး မေလ ထက် ၄.၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ကမ္ဘာ့ဂျုံဈေးနှုန်းသည်လည်း ဇွန်လတွင် ၅.၇ ရာခိုင်နှုန်းကျ ဆင်းခဲ့ကြောင်း၊ ယင်းသို့ဈေးနှုန်းများ ကျဆင်းမှုသည် မြောက်ကမ္ဘာခြမ်းနိုင်ငံများတွင် ရာသီနှံစားသီးနှံများ ရိတ်သိမ်းမှုနှင့် ထုတ်လုပ်သည့် နိုင်ငံအချို့တွင် သီးနှံများဖြစ်ထွန်းမှုနှင့် ရုရှားနိုင်ငံတွင် နှံစားသီးနှံများ ထုတ်လုပ်မှုမြင့်တက်နိုင်သောကြောင့် ဖြစ်ပါသည်။

ကမ္ဘာ့ဈေးကွက်တွင် အစေ့အဆံဈေးနှုန်းသည်လည်း ၄.၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ အာဂျင်တီးနားနှင့် ဘရာဇီးလ်နိုင်ငံတို့တွင် ရာသီပေါ်ပြောင်းဖြစ်ထွန်းမှုမြင့်တက်မှုနှင့် အမေရိကန်နိုင်ငံတွင် ပြောင်းသီးနှံများဖြစ်ထွန်းမှုတို့ကြောင့် ကမ္ဘာ့ပြောင်းဈေးသည် တစ်လချင်းအလိုက် ၃.၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ဟင်းသီးဟင်းရွက်ဈေးနှုန်း (Vegetable Oil Price Index) မှာ ဇွန်လတွင် ပျမ်းမျှ ၂၁၁.၈ မှတ်ဖြင့် တစ်လချင်းအလိုက် ၇.၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ စားအုန်းဆီ အဓိကထုတ်လုပ်သည့် နိုင်ငံများတွင် ရာသီအလိုက် စားအုန်းဆီထုတ်လုပ်ခြင်း မြင့်တက်မှုနှင့် အင်ဒိုနီးရှားနိုင်ငံမှ ဆီတင်ပို့မှုမြင့်တက်နိုင်သော အလားအလာများကြောင့် ကမ္ဘာ့စားအုန်းဆီဈေးနှုန်း ကျဆင်းခဲ့ကြောင်း၊ အလားတူ ကမ္ဘာ့ဈေးကွက်တွင် နေကြာဆီနှင့် ပဲပိစပ်ဆီဈေးနှုန်းများလည်း ကမ္ဘာ့ဝယ်လိုအား နှေးကွေးသည့်အတွက် ကျဆင်းခဲ့ပါသည်။

သကြားဈေးနှုန်းညွှန်းကိန်း (Sugar Price Index) မှာ ဇွန်လတွင် ပျမ်းမျှ ၁၁၇.၃ မှတ်ရှိခဲ့ပြီး မေလထက် ၂.၆ ရာခိုင်နှုန်းဖြင့် နှစ်လဆက်တိုက်ကျဆင်းခဲ့ကြောင်း၊ ယင်းသည် ကမ္ဘာ့ဈေးကွက်တွင် သကြားဝယ်ယူရရှိမှု အားကောင်းလာခြင်းနှင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှု နှေးကွေးလာခြင်းက သကြားဝယ်လိုအားနှင့် ဈေးနှုန်းအပေါ် သက်ရောက်မှုတို့ကြောင့် ဖြစ်ကြောင်း၊ အသားဈေးနှုန်းညွှန်းကိန်း (Meat Price Index) ဇွန်လတွင် ၁၂၄.၇ မှတ်ရှိခဲ့ပြီး မေလထက် ၁.၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ယင်းသည် စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၁ ခုနှစ်၊ ဇွန်လ

ထက် ၁၂.၇ ရာခိုင်နှုန်းပိုများနေကြောင်း၊ ကမ္ဘာ့အသားဈေးနှုန်းများမှာလည်း မြင့်တက်လျက်ရှိပြီး ကြက်၊ ဘဲဈေးနှုန်းတို့မှာ သိသိသာသာမြင့်တက်ခဲ့ကြောင်း၊ ယင်းသည် ယူကရိန်းနိုင်ငံတွင် စစ်မက်ဖြစ်ပွားနေမှုက ကမ္ဘာ့အသား တင်ပို့မှုကို ဆက်လက်သက်ရောက်နေမှုနှင့် မြောက်ကမ္ဘာ့ခြမ်းတွင် ကြက်ငှက်တုပ်ကွေး ဖြစ်ပွားခဲ့မှုတို့ကြောင့် ဖြစ်ကြောင်း၊ နို့ထွက်ပစ္စည်းများ၏ ဈေးနှုန်းညွှန်းကိန်း (Dairy Price Index) မှာ ဇွန်လတွင် ပျမ်းမျှ ၁၄၉.၈ မှတ်ရှိခဲ့ပြီး မေလထက် ၄.၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် နို့ထွက်ပစ္စည်းများလည်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း၊ ယင်းအနက် ဒိန်ချဥ်ဈေးနှုန်းမှာ ဝယ်လိုအား တဟုန်ထိုးမြင့်တက်ခဲ့မှုကြောင့် အမြင့်ဆုံးဖြစ်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာသံရုံး
ရောမမြို့

## Biofach Organic ပြပွဲ ကျင်းပမည့် အစီအစဉ်

ဂျာမနီနိုင်ငံ နူရင်ဘတ်မြို့တွင် ကမ္ဘာ့ထိပ်တန်းအော်ဂဲနစ်ထုတ်ကုန်ပြပွဲကြီးဖြစ်သည့် Biofach Organic ပြပွဲကို ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၆ ရက်မှ ၂၉ ရက်နေ့အထိ (၄) ရက်တိုင် Messe Nuremberg တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ပြပွဲကို ကိုယ်တိုင်လာရောက် ခင်းကျင်းပြသခြင်းနှင့် ဒစ်ဂျစ်တယ်အွန်လိုင်းဖြင့်ပြသခြင်း ပုံစံနှစ်မျိုးဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။ ပြပွဲတွင် အော်ဂဲနစ်စား သောက်ကုန်များအပြင် Organic Non-food များဖြစ်သည့် အိမ်သုံးပစ္စည်း၊ အလှကုန်၊ အထည်၊ ဆေးဝါး၊ အပင်နှင့် မျိုးစေ့များ အစရှိသည်တို့ကို နိုင်ငံများစွာမှ အော်ဂဲနစ်ကုမ္ပဏီများက လာရောက်ပြသ ကြမည်ဖြစ်သည်။ ထို့အပြင် ပြပွဲတွင် အော်ဂဲနစ်ထုတ်ကုန်ဆိုင်ရာ ဆွေးနွေးပွဲဖိုရမ်များ၊ Congress များ၊ ကျွမ်းကျင်ပညာရှင်များ၏ ဟောပြောပို့ချချက်များ၊ Exhibitor များ၏ တင်ဆက်ပြသမှုများဖြင့် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြပွဲလက်မှတ်ဝယ်ယူသူများသည် on site ပြပွဲအပြင် အွန်လိုင်းပြသမှု နှစ်မျိုးလုံးကို ကြည့်ရှုလေ့လာခွင့်ရရှိမည်ဖြစ်ပါသည်။

ပြပွဲတွင် Organic Africa Pavilion ၌ မြန်မာနိုင်ငံမှ ဂျာမနီနိုင်ငံသို့ အော်ဂဲနစ်လက်ဖက်ခြောက်များ ထုတ်လုပ်တင်ပို့နေသည့် Power Mawshan ကုမ္ပဏီက လာရောက် ပြသမည်ဖြစ်ပြီး Yatha Waddi ကုမ္ပဏီ (Paline လက်ဖက်) က ဒစ်ဂျစ်တယ်အွန်လိုင်းဖြင့် ပါဝင်ပြသမည်ဖြစ်ပါသည်။ အဆိုပါ ကုမ္ပဏီများ ပါဝင်ပြသမှုအတွက် မြန်မာနိုင်ငံရှိ Helvetas အဖွဲ့အစည်း၏ Bio

Trade စီမံကိန်းက စရိတ်မျှခံပံ့ပိုးပေးပြီး Helvetas မှ တာဝန်ရှိသူနှစ်ဦးလည်း ပြပွဲသို့လာရောက်မည် ဖြစ်ပါသည်။ ထို့ပြင် ပြပွဲလာရောက်သည့် ခရီးစဉ်အတွင်း လက်ရှိဂျာမန် အဝယ်တော် ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးမှုများ၊ ထုတ်ကုန်အရည်အသွေးပိုင်းဆိုင်ရာ ဆောင်ရွက်သင့်သည်များအတွက် Helvetas အဖွဲ့အစည်းပါဝင်၍ ဆွေးနွေးမှုများ၊ Business matching များကို ပြုလုပ်ကြရန် စီစဉ်ထားရှိပါသည်။

Biofach Organic ပြပွဲသည် နိုင်ငံအနှံ့အပြားမှအော်ဂဲနစ်ထုတ်ကုန်များ စုဝေးရာနေရာ တစ်ခု ဖြစ်ပါသည်။ ၂၀၂၁ နှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုကြောင့် Digital Event အဖြစ်ပြောင်းလဲ ကျင်းပခဲ့ရာ Digital Event တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ Digital Profile ကို မြန်မာ ထုတ်ကုန်များ၏ Profile များ၊ ဓာတ်ပုံနှင့် ဗီဒီယိုများ ပါဝင်၍ ပြသခဲ့ပါသည်။ ၂၀၂၂ ခုနှစ် Biofach ပြပွဲကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိကျင်းပရန် စီစဉ်ထားရှိမှုကို ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ ထိန်းချုပ်ကန့်သတ်မှုအစီအစဉ်အရ ဇူလိုင်လသို့ ပြောင်းရွှေ့ကျင်းပခြင်းဖြစ်ပါသည်။

sources: https://www.biofach.de/en

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

……………………………………………………………

## ဂျာမနီနိုင်ငံတွင် ကုန်သွယ်မှုလိုငွေပြမှု ဖြစ်ပေါ်ခြင်း

ဂျာမနီနိုင်ငံတွင် ၂၀၂၂ ခုနှစ် မေလတွင် calendar and seasonally adjusted ကိန်းဂဏန်းများအရ ပို့ကုန်ဝင်ငွေယူရို ၁၂၅.၈ ဘီလီယံနှင့် သွင်းကုန်တင်သွင်းမှုတန်ဘိုး ယူရို ၁၂၆.၇ ဘီလီယံရှိခဲ့ပြီး နှစ်ပေါင်း(၃၀) ကျော် ကုန်သွယ်မှုပိုငွေပြခဲ့ရာမှ ပထမဦးဆုံးအကြိမ် လအလိုက်တွင် ယူရို ၁ ဘီလီယံလိုငွေ (Trade deficit) ပြလာခဲ့ကြောင်း Federal Statistical Office က ဇူလိုင်လ (၄) ရက်နေ့က ထုတ်ပြန်ခဲ့ပါသည်။ ပို့ကုန်ပိုင်းတွင် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ယူရို ၆၇.၅ ဘီလီယံနှင့် အီးယူ ပြင်ပနိုင်ငံများသို့ ယူရို ၅၈.၃ ဘီလီယံ တင်ပို့မှုရှိခဲ့ရာ အမေရိကန်နိုင်ငံသို့ယူရို ၁၃.၄ ဘီလီယံ၊ တရုတ်နိုင်ငံသို့ ယူရို ၈.၇ ဘီလီယံနှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံသို့ ယူရို ၅.၈ ဘီလီယံတင်ပို့မှု ရှိခဲ့ပါသည်။ သွင်းကုန်ပိုင်းတွင် အီးယူအဖွဲ့ဝင်နိုင်ငံများမှ ယူရို ၆၁.၈ ဘီလီယံနှင့် အီးယူပြင်ပနိုင်ငံများမှ ယူရို ၆၅.၀ ဘီလီယံ တင်သွင်းမှုရှိခဲ့ရာ တရုတ်နိုင်ငံမှ ယူရို ၁၈.၀

ဘီလီယံနှင့် အများဆုံးတင်သွင်းခဲ့ပြီး အမေရိကန်နိုင်ငံမှ ယူရို ၇.၄ ဘီလီယံနှင့် ယူနိုက်တက်ကင်း ဒမ်းနိုင်ငံမှ ယူရို ၅.၈ ဘီလီယံတန်ဘိုး တင်သွင်းခဲ့ပါသည်။

မူလကုန်သွယ်မှုကိန်းဂဏန်းများ(nominal basis ) အရ ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်ခြင်း မရှိသော်လည်း calendar and seasonally adjusted တွက်ချက်မှုများအရ လိုငွေဖြစ်ပေါ်လာခြင်းဖြစ်ပြီး ဂျာမနီနိုင်ငံမှ ရုရှားနိုင်ငံသို့ ပို့ကုန်လျော့ကျသွားခြင်း၊ စွမ်းအင်ဈေးနှုန်းများမြင့်တက်မှုနှင့် Supply Chain ပိုင်း မတည်ငြိမ်မှုများဖြစ်ပေါ်ပြီး သွင်းကုန်ပစ္စည်းများတွင် စရိတ်များထပ်မံမြင့်တက်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ရုရှားနိုင်ငံသည် ဂျာမနီနိုင်ငံ၏ နှစ်ပေါင်းများစွာ ကြီးမားသောပို့ကုန်ဈေးကွက်ဖြစ်ခဲ့ပြီး ယခုအခါ ရုရှားနိုင်ငံသို့ ယခင်ကထက် ပို့ကုန်တန်ဘိုး ၅၀ ရာခိုင်နှုန်းကျော်ကျဆင်းလာခဲ့ပါသည်။ ဂျာမနီနိုင်ငံသည် ဥရောပတွင် စီးပွားရေး အင်အားအကြီးမားဆုံးဖြစ်ပြီး ပို့ကုန်ဝင်ငွေသည် နိုင်ငံ၏ စီးပွားရေးမောင်းနှင်အား (Economic engine) တစ်ခုဖြစ်ပါသည်။ ဂျာမနီနိုင်ငံ တွင် အရှေ့အနောက် ပြန်လည်ပေါင်းစည်းမှုပြုလုပ်ခဲ့ပြီး ၁၉၉၁ ခုနှစ်မှစ၍ ကုန်သွယ်မှု ပိုငွေဆက် တိုက်ဖြစ်ပေါ်ခဲ့ပြီး ယခု ပထမဦးဆုံးအကြိမ် လအလိုက် ကုန်သွယ်မှုလိုငွေ တွေ့ကြုံရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Sources:https://www.destatis.de/EN/Press/2022/07/PE22_279_51.html#

https://www.nytimes.com/2022/07/04/business/germany-trade-deficit-exports-imports.html

သီတာဝင်းဋ္ဌေး၊ စီးပွားရေးသံမှူး

ဘာလင်

……………………………………………………………

## ယူရိုငွေကြေးတန်ဘိုး ကျဆင်းမှုဖြစ်ပေါ်ခြင်း

ယူရိုငွေကြေးတန်ဘိုးသည် ရုရှား-ယူကရိန်းပဋိပက္ခဖြစ်ပေါ်ပြီးနောက်ပိုင်း နှစ်ပေါင်း (၂၀) အတွင်း ပထမဦးဆုံးအကြိမ် တန်ဘိုးကျဆင်းမှုဖြစ်ပေါ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း တစ်ယူရိုလျှင် အမေရိကန်ဒေါ်လာ ၁.၀၀၀၇ ပတ်ဝန်းကျင်သို့ ရောက်ရှိခဲ့ပြီး ယူရိုဇုန်ဒေသစားသုံးသူများအကြား စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လာစေပါသည်။ ဓာတ်ငွေ့ဈေးနှုန်းများမြင့်တက်လာမှုနှင့် ရုရှားနိုင်ငံမှ သဘာဝဓါတ်ငွေ့ရရှိမှုဖြတ်တောက်နိုင်မှုအပေါ် စိုးရိမ်ထိန့်လန့်နေမှုတို့က ရင်းနှီးမြှုပ်နှံသူများကို မတည်ငြိမ်မှုဖြစ်စေပြီး အမေရိကန်ငွေကြေးနှင့် နှိုင်းယှဉ်လျှင် ယူရိုဇုန်ဒေသ စီးပွားရေးနှင့် ယူရိုငွေကြေးကျဆင်းမှုကို ဖြစ်ပေါ်လာစေခြင်းဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ကြပါ

သည်။ အခြားအကြောင်းတစ်ချက်မှာ  အမေရိကန်နိုင်ငံ **Federal Reserve** က ငွေကြေးဖောင်းပွမှုနှုန်းကို ကျဆင်းစေရန် အတိုးနှုန်းကို တိုးမြှင့်ပေးလာချိန်တွင် **European Central Bank (ECB)** က အတိုးနှုန်းကို အနည်းဆုံးထားရှိရန် လိုလားနေဆဲရှိခြင်းဖြစ်ပါသည်။ **Federal Reserve** ၏ အတိုးနှုန်း မှာ ၃ ရာခိုင်နှုန်းထိ မြင့်တက်လာရန် မျှော်မှန်းထားပြီး ယူရိုဇုန်ဒေသတွင် ပျမ်းမျှ ၁ ရာခိုင်နှုန်းသာ ထားရှိဆဲဖြစ်သည်။ အမေရိကန်ဒေါ်လာနှင့် ယူရိုငွေကြေးတန်ဘိုး နှစ်ခုညီမျှမှုအခြေအနေတစ်ခုကို များမကြာမီ ရောက်ရှိလာနိုင်မည်ဟုလည်း ခန့်မှန်းထားရှိနေကြပါသည်။ လာမည့်သီတင်းပတ် အတွင်း **ECB** က အတိုးနှုန်းကို အနည်းငယ်မျှတိုးမြှင့်ပေးလာနိုင်ဘွယ်ရှိကြောင်း၊ ၁၀ နှစ်ကျော် ကာလအတွင်း **ECB** ၏ ပထမဆုံးအကြိမ်စဉ်းစားဆောင်ရွက်ခြင်းလည်း ဖြစ်ကြောင်း ခန့်မှန်းသုံးသပ်နေကြပါသည်။

ယူရိုငွေကြေးတန်ဘိုးကျဆင်းမှုက ဥရောပနိုင်ငံများ၏ သွင်းကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာဖြင့် ပေးချေရသော တင်သွင်းမှုများ၌ ယခင်ထက် ပိုမိုစရိတ်ကြီးမြင့်ခြင်းများရှိလာနိုင်ပြီး ကုန်ကြမ်းများ၊ တစ်ဝက် တစ်ပျက်ကုန်ချောများ တင်သွင်းခြင်းမှလည်း စရိတ်များထပ်မံကုန်ကျမှုရှိ၍ ပြည်တွင်းဈေးနှုန်းများ မြင့်တက်လာမှုကို ဖြစ်ပေါ်လာစေနိုင်ပါသည်။ တစ်ဖက်တွင် ပို့ကုန်ပိုင်း၌ အမေရိကန်ဒေါ်လာဖြင့် ချုပ်ဆိုတင်ပို့သော လုပ်ငန်းများအတွက် ယခင်ကထက် အကျိုးဖြစ်ထွန်းမှုရှိနိုင်သော်လည်း လက်ရှိ **Supply chain** မတည်ငြိမ်မှုနှင့် အခြားအကြပ်အတည်းများနှင့် တွေ့ကြုံနေရချိန်တွင် များစွာသက်ရောက်မှုမရှိနိုင်ကြောင်း ထောက်ပြပြောဆိုကြပါသည်။ ဥရောပသို့ လာရောက်လည်ပတ်သည့် အမေရိကန်ခရီးသွားများအတွက်မူ အမေရိကန်ဒေါ်လာနှင့် ယူရို ငွေကြေးလဲလှယ်မှု ကွာခြားမှုမရှိခြင်းကြောင့် အကျိုးဖြစ်ထွန်းလာစေပါသည်။

ဂျာမနီနိုင်ငံ **Deutsche Bank** မှ **foreign exchange research** ဌာနမှူး **Mr.George Saravelos** က ယူရို နှင့် အမေရိကန်ငွေကြေး တန်ဘိုးနှစ်ခု ညီမျှမှုအခြေအနေမှ  ထပ်မံ၍ ယူရိုတန်ဘိုးကျဆင်းနိုင်ပြီး ၁ ယူရို လျှင် ၀.၉၅ မှ ၀.၉၇  ဒေါ်လာခန့်ထိ ရောက်ရှိသွားနိုင်ကြောင်း ခန့်မှန်းပြောဆိုပါသည်။ ယူရိုငွေကြေးတန်ဘိုးသည် အမေရိကန်ဒေါ်လာနှင့်သာမက အခြား ဆွဒ်ဖရန့်ငွေကြေးနှင့် ဂျပန် ယန်းငွေကြေးတို့နှင့် ဖလှယ်မှုနှုန်းထားများမှာလည်း ကျဆင်းလာလျှက်ရှိနေပါသည်။

ယူရိုဇုန်ဒေသ ငွေကြေးဖောင်းပွမှုနှုန်း**(Harmonised Index of Consumer Prices–HICP)** မှာ ၂၀၂၂ ခုနှစ် ဧပြီလတွင် ၇.၄ ရာခိုင်နှုန်းမှ မေလတွင် ၈.၁ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပါသည်။ **ECB** အနေဖြင့် ယူရိုဇုန်ဒေသ အတိုးနှုန်းကို ဒသမပွိုင့်ဂဏန်း အနည်းငယ်တိုးကာ ငွေကြေးဖောင်းပွမှုကို ကုစားနိုင်ရန်နှင့် ငွေကြေးတန်ဘိုးကျဆင်းမှုကို ကာမိစေရန် ကြိုးပမ်းလျှက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ **ECB** သည် အီးယူအဖွဲ့ဝင် (၁၉)နိုင်ငံ ( ဩစတြီးယား၊ ပြင်သစ်၊

ဂျာမနီ၊ အီတလီ၊ လပ်ဗီးယား၊ ပေါ်တူဂီ၊ ခရိုအေးရှား၊ ဘယ်လ်ဂျီယံ၊ လစ်သူရေးနီးယား၊ ဆလိုဗေးကီးယား၊ ဆိုက်ပရပ်၊ လူဇင်ဘတ်၊ အက်စတိုးနီးယား၊ အိုင်ယာလန်၊ ဆလိုဗေးနီးယား၊ စပိန်၊ ဖင်လန်၊ နယ်သာလန်၊ မာလ်တာ) ကိုယ်စားပြုဗဟိုဘဏ်တစ်ခုဖြစ်ပြီး သုံးစွဲသူလူဦးရေ (၃၄၀)သန်းရှိကာ ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့တွင် ရုံးချုပ်ဖွင့်လှစ်ထားရှိပါသည်။

Source:https://www.dw.com/en/what-a-sinking-euro-means-for-consumers-in-europe-and-us/a-62437126

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

………………………………………………………………

## ခရိုအေးရှားနိုင်ငံက ယူရိုငွေကြေးစတင်အသုံးပြုရန် စီစဉ်ဆောင်ရွက်ခြင်း

ခရိုအေးရှားနိုင်ငံသည် အီးယူအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်ပြီး ယူရိုငွေကြေးအသုံးပြုမှုကို ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်အသုံးပြုရန် အီးယူဘဏ္ဍာရေးဝန်ကြီးများက ဇူလိုင် ၁၂ ရက်နေ့က ဆုံးဖြတ် ခွင့်ပြုလိုက်ပါသည်။ အီးယူအဖွဲ့ဝင်နိုင်ငံများအနက် **European Central Bank (ECB)** စီမံဆောင်ရွက်မှုဖြင့် ယူရိုငွေကြေးအသုံးပြုနေသည့် နိုင်ငံ (၁၉)နိုင်ငံရှိပြီး ခရိုအေးရှားနိုင်ငံက (၂၀) ခုမြောက် နိုင်ငံ ဖြစ်လာပါသည်။ မူလနိုင်ငံသုံးငွေကြေးမှာ **Kuna** ဖြစ်ပြီး ငွေလဲလှယ်နှုန်းမှာ ၁ ယူရိုလျှင် ၇.၅၃၄၅ **kunas** ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ယူရိုနှင့် အမေရိကန်ဒေါ်လာငွေကြေး ညီမျှမှုအခြေအနေတစ်ခုသို့ ရောက်ရှိလာခြင်း၊ ယူရိုဇုန်ငွေကြေးဖောင်းပွမှုမြင့်မားခြင်းနှင့် လူနေမှုစရိတ်ကြီးမြင့်လာခြင်း၊ စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးနေခြင်းတို့က ခရိုအေးရှားနိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေနိုင်သော်လည်း ယူရိုငွေကြေးစနစ်ပြောင်းလဲသုံးစွဲမည့် အစီအစဉ်အတွက် ကျေနပ်အားရမှု ရှိကြောင်း ခရိုအေးရှား ဘဏ္ဍာရေးဝန်ကြီး **Mr.Zdravko Maric** က ပြောကြားခဲ့ပါသည်။ **ECB** ဥက္ကဋ္ဌ **Ms.Christine Lagarde** ကလည်း ယူရိုငွေကြေးစတင်သုံးစွဲမှုအတွက် ကြိုဆိုပြီး စောင့် ထိန်းရမည့် ကတိကဝတ်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုအပ်ပြီး ယူရိုဇုန်အနေနှင့် ခရိုအေးရှားကို များစွာမျှော်လင့်ထားကြောင်း ပြောဆိုခဲ့ပါသည်။

အီးယူအဖွဲ့ဝင်နိုင်ငံများအနက် ယူရိုငွေကြေးသုံးစွဲမှုသို့ လစ်သူရေးနီးယားနိုင်ငံက ၂၀၁၅ ခုနှစ်တွင် ပြောင်းလဲကျင့်သုံးခဲ့ပြီးနောက်ပိုင်း ယခု ခရိုအေးရှားနိုင်ငံက ယူရိုဇုန်သို့ ထပ်မံဝင် ရောက်လာခြင်း ဖြစ်ပါသည်။ ဘူဂေးရီးယားနိုင်ငံသည်လည်း ယူရိုဇုန်သို့ ၂၀၂၄ ခုနှစ် နှစ်ဆန်း

ပိုင်းတွင် ဝင်ရောက်ရန် စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။ ယူရိုငွေကြေးသို့ ပြောင်းလဲသုံးစွဲမည့် အစီအစဉ်အတွက် ခရိုအေးရှား နိုင်ငံသားများအနက် လက်ခံသုံးစွဲချင်ကြသူများရှိသကဲ့သို့ လက်ရှိ ငွေကြေးဖောင်းပွမှုအခြေအနေတွင် ဈေးနှုန်းများ မြင့်တက်လာနိုင်မှုအတွက် စိုးရိမ်မှုများလည်း ရှိနေကြပါသည်။

Source: https://www.dw.com/en/croatia-gets-final-approval-to-adopt-euro-in-2023/a-62446642

သီတာဝင်းငွေး၊ စီးပွားရေးသံမှူး

ဘာလင်

…………………………………………………………………………………………………

Agribusiness & Trade

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၈ / ၂၀၂၂)　　　　၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၂၁) ရက်

| ၂၁-၇-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၅၀.၀ |
| ယူရို | ၁၈၈၂.၆ |
| စင်္ကာပူဒေါ်လာ | ၁၃၂၅.၅ |
| စတာလင်ပေါင် | ၂၂၀၇.၂ |
| ဂျပန်ယန်း (၁၀၀) | ၁၃၃၂.၉ |
| တရုတ်ယွမ် | ၂၇၃.၃၇ |
| ဟောင်ကောင်ဒေါ်လာ | ၂၃၅.၆၉ |
| အိန္ဒိယရူပီး | ၂၃.၁၃၄ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၀.၉၃ |
| မလေးရှားရင်းဂစ် | ၄၁၅.၀၈ |
| ဖိလစ်ပိုင်ပီဆို | ၃၂.၇၆၁ |
| ထိုင်းဘတ် | ၅၀.၀၇၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၀၀၉ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ တရုတ်နိုင်ငံ၏ နွေစပါးရိတ်သိမ်းမှုတွင် တိုးတက်မှုကို မြင်တွေ့ရ

- **အထွေထွေသတင်းများ**

➢ ၂၀၂၂ ခုနှစ် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာခရီးသွားဈေးပွဲ China International Travel Mart (CITM-2022)

➢ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်သည် သန့်ရှင်းသောစွမ်းအင်ကို အဓိကဖန်တီးအသုံးပြု

➢ တရုတ်နှင့် ရုရှားနိုင်ငံတို့ နှစ် ၃၀ သက်တမ်းရှိ ခေတ်ငွေ့သဘောတူညီချက်သဘောတူ

## တရုတ်နိုင်ငံ၏ နွေစပါးရိတ်သိမ်းမှုတွင် တိုးတက်မှုကို မြင်တွေ့ရ

တရုတ်နိုင်ငံ၏ နွေစပါးရိတ်သိမ်းမှုသည် စုစုပေါင်း စပါးအထွက်နှုန်းမှာ တန်ချိန် ၁၄၇ ဒသမ ၃၉ သန်းရှိပြီး ယမန်နှစ်ကထက် တန်ချိန် ၁ ဒသမ ၄၃၄ သန်း တိုးတက်လာရာ တစ်နှစ်ထက်တစ်နှစ် စုစုပေါင်းအထွက်နှုန်းမှာ ၁ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရို (NBS) မှ ထုတ်ပြန်ချက်အရ သိရသည်။ အဓိကသီးနှံဖြစ်သည့် ဂျုံအထွက်နှုန်းမှာ တန်ချိန် ၁၃၅ ဒသမ ၇၆ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံ၏ စိုက်ပျိုးဧရိယာနှင့် သီးနှံတစ်ဟက်တာ အထွက်နှုန်းသည်တိုးလာကြောင်း နွေစပါးရိတ်သိမ်းရာတွင် အထွက် တိုးတက်လာမှုသည် ရာသီဥတုကောင်းမွန်မှု၊ အရည်အသွေးမြင့်မျိုးစေ့များအသုံးပြုမှုနှင့် လယ်ယာမြေများ မြှင့်တင်ခြင်းများကြောင့် တိုးတက်သည်ဟု ယူဆကြောင်း အမျိုးသား စာရင်းအင်းဗျူရိုမှအရာရှိတစ်ဦးကပြောကြားခဲ့ သည်။

ရင်းမြစ် China sees growth in summer grain harvest – News – 云桥网英文 (yunnan gateway. com)

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

.................................................................................

## ၂၀၂၂ ခုနှစ် တရုတ်နိုင်ငံအပြည်ပြည်ဆိုင်ရာ ခရီးသွားဈေးပွဲ China International Travel Mart (CITM–2022)

တရုတ်နိုင်ငံယူနန်ပြည်နယ် ကူမင်းမြို့တွင်(၂၂-၇-၂၂)မှ (၂၄-၇-၂၂) အထိ ၂၃ နှစ်မြောက် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာခရီးသွားဈေးပွဲ China International Travel Mart (CITM) ကို တရုတ်နိုင်ငံ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ တရုတ်နိုင်ငံ၊ လေကြောင်းပို့သန်းရေး ကြီးကြပ်ရေးနှင့် ယူနန်ပြည်နယ်ပြည်သူ့ အစိုးရတို့ပူး ပေါင်းစီစဉ်ကျင်းပပြုလုပ်ရန် ရှိပါသည်။ သို့ဖြစ်၍ မြန်မာကောင်စစ်ဝန်ချုပ်ရုံး(ကူမင်း) အနေဖြင့် အဆိုပါပွဲတွင် ပါဝင်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျှက်ရှိရာ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ရှိ မြန်မာနိုင်ငံသား ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ၏ ကျောက်မျက်ရတနာများ၊ မြန်မာ့ထွက်ကုန် ယွန်းထည်ပစ္စည်းများနှင့် အခြားသောစိတ်ဝင်စားဖွယ် မြန်မာထွက်ကုန်ပစ္စည်းများနှင့် မြန်မာ့လဖက်ရည်ကို နမူနာကျွေးမွေးခြင်းနှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရှင်းလင်းဆောင်ရွက်နိုင်ရန် ခင်းကျင်းပြသဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(၂၂-၇-၂၂) ရက်နေ့တွင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ပြီး မြန်မာကောင်စစ်ဝန်ချုပ်(ကူမင်း)ဦးသော်တာအောင်နှင့် စီးပွားရေးသံမှူး ဒေါက်တာဝေရီလင်းတို့ တက်ရောက်ကြမည်ဖြစ်ပြီး နောက်ဆုံးနေ့ဖြစ်သည့် (၂၄-၇-၂၂) ရက်နေ့တွင် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု RCEP နှင့် တရုတ်-လာအို မီးရထားလမ်းဆိုင်ရာ ဖိုရမ်များကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ရင်းမြစ် [2022 CITM: Visit Qujing for exploring source of River Pearl – Lifestyle – 云桥网英文 (yunnangateway.com)]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

…………………………………………………………

## တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်သည် သန့်ရှင်းသောစွမ်းအင်ကို အဓိကဖန်တီးအသုံးပြု

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်သည် ယခုနှစ် ပထမနှစ်ဝက်အတွင်း နိုင်ငံတွင်း အဓိကခေတ်အားသုံးစွဲမှု အချက်အချာနေရာများသို့ သန့်ရှင်းသော စွမ်းအင်ကီလိုဝပ်နာရီ ၇၅.၈ ဘီလီယံကျော် ပေးပို့ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၅၂ ရာခိုင်နှုန်း တိုးလာသည်ဟု China Southern Power Grid မှ ပြောကြားခဲ့သည်။ လျှပ်စစ်ခေတ်အား အားလုံးကို သန့်ရှင်းသောစွမ်းအင်ရင်းမြစ်များမှထုတ်ယူခြင်းဖြစ်ပြီး အများအားဖြင့် ရေအားလျှပ်စစ်မှ ထုတ်လုပ်သည်ဟု ကုမ္ပဏီက ပြောကြားပြီး နိုင်ငံအတွင်း ဓရီယာငါးခုဖြစ်သော ကွမ်တုန်း၊ ယူနန်၊ ကွေ့ကျိုး၊ ဟိုင်နန်နှင့် ကွမ်ရှီးဒေသတို့ လွှမ်းခြုံပါဝင်ကြောင်း အနောက်မှအရှေ့သို့ လျှပ်စစ်ခေတ်အား သွယ်တန်းခြင်းစီမံကိန်းသည် ဂွမ်ဒေါင်း-ဟောင်ကောင်-မကာအို ဂရိတ်ပင်လယ်အော်ဓရီယာလည်း ပါဝင်ကြောင်း ဖော်ပြထားပါသည်။

ရင်းမြစ် [Yunnan province creates major clean power – Big Pic – 云桥网英文 (yunnangateway.com)]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

…………………………………………………………

## တရုတ်နှင့် ရုရှားနိုင်ငံတို့ နှစ် ၃၀ သက်တမ်းရှိ ဓာတ်ငွေ့သဘောတူညီချက် သဘောတူ

တရုတ်နိုင်ငံသို့ ရုရှားသည် ပိုက်လိုင်းဓာတ်ငွေ့ LNG ရောင်းချနေလျှက်ရှိရာ ထပ်မံ၍ ဆိုက်ဘေးရီးယားပရောဂျက် Gazprom မှတဆင့် တရုတ်နိုင်ငံသို့ ဓာတ်ငွေ့ ၁၀ ဘီလီယံကုဗမီတာ ထပ်တိုးရောင်းချရန်ဖြစ်ပြီး သုံးနှစ်အတွင်း ပိုက်လိုင်းအသစ်များမှတဆင့် တင်ပို့ဖြစ်ကြောင်း ရုရှားသည် ယူကရိန်းထက် ဥရောပနှင့် ထိပ်တိုက်တွေ့နေကြောင်း သတင်းရင်းမြစ်တွင် ဖော်ပြထားပါသည်။

ပိုက်လိုင်းသစ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဓာတ်ငွေ့ရောင်းချရန် နှစ် ၃၀ စာချုပ်ကို ရုရှားနိုင်ငံက သဘောတူညီခဲ့ပြီး ဓာတ်ငွေ့ရောင်းချမှုအသစ်ကို ယူရိုဖြင့်ပေးချေသွားမည် ဖြစ်ကြောင်း ယူကရိန်းနှင့် အခြားနိုင်ငံများအကြား မော်စကို၏ အနောက်နိုင်ငံများနှင့် တင်းမာနေသည့် ဆက်ဆံရေးကြားတွင် ပေကျင်းနှင့် စွမ်းအင်မဟာမိတ်အဖြစ် အားကောင်းစေမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ပိုက်လိုင်းဖြင့် ရုရှားဓာတ်ငွေ့တင်ပို့မှုတွင် လက်ဝါးကြီးအုပ်ထားသည့် Gazprom သည် တစ်နှစ်လျှင် ဓာတ်ငွေ့ ကုဗမီတာ ၁၀ ဘီလီယံဖြင့် တရုတ်အစိုးရ၏ အထင်ကရ စွမ်းအင်ကုမ္ပဏီ CNPC ကို ရောင်းချပေးရန် သဘောတူခဲ့ကြောင်း ရုရှားကုမ္ပဏီနှင့် ဘေဂျင်းအခြေစိုက် စက်မှုလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရုရှား၏ အရှေ့ဖျားဒေသနှင့် တရုတ်နိုင်ငံနှင့် အရှေ့မြောက်ပိုင်းကို ဆက်သွယ်ပေးမည့် ပိုက်လိုင်းမှတစ်ဆင့် ပထမဆုံး စီးဆင်းသည့် ပိုက်လိုင်းသည် ၂ နှစ်မှ သုံးနှစ်အတွင်း စတင်မည်ဟု Gazprom ၏ သဘောတူညီချက်ကို ကြေငြာပြီးနောက် သတင်းရင်းမြစ်က ထွက်ပေါ်လာသော မှတ်ချက်များတွင် ပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ်တွင် ရုရှားသည် သဘာဝဓာတ်ငွေ့ရည် (LNG) ပေးပို့သည့် ၎င်း၏ Power of Siberia ပိုက်လိုင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဓာတ်ငွေ့များ ရောင်းချမှုကို စတင်ခဲ့ပြီး ရုရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ ဓာတ်ငွေ့များ ပေးပို့နေပြီဖြစ်ကြောင်း ၎င်းသည် ၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ ၁၆.၅ ဘီလီယံကုဗမီတာ (bcm) တင်ပို့ခဲ့ကြောင်း Power of Siberia ကွန်ရက်သည် တင်းကျပ်သော ထောက်ပံ့မှုများကြောင့်အပါအဝင် မော်စကိုနှင့် ဖြစ်ပေါ်သော ဆက်ဆံရေး တင်းမာမှုကြောင့် ဓာတ်ငွေ့ဈေးနှုန်းများ တဟုန်ထိုးတက်နေသော ဥရောပသို့ ဓာတ်ငွေ့ပို့သည့် ပိုက်လိုင်းများနှင့် ချိတ်ဆက်ထားခြင်းမရှိကြောင်း ယခင်ရေးဆွဲခဲ့သည့် အစီအစဉ်များအရ ရုရှားသည် ၂၀၂၅ ခုနှစ်တွင် ပိုက်လိုင်းဖြင့် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ ၃၈ ဘီလီယံကုဗမီတာ ရောင်းချရန် ရည်မှန်းထားကြောင်း ဘေဂျင်းဆောင်းရာသီ အိုလံပစ်ပွဲတော်သို့ ရုရှားသမ္မတ

Agribusiness & Trade

ဗလာဒီမာပူတင် လာရောက်လည်ပတ်သည့်အချိန်နှင့် တိုက်ဆိုင်သော သဘောတူညီချက်သစ်သည် နောက်ထပ် ၁၀ ဘီလီယံကုဗမီတာ တိုးလာကာ တရုတ်နိုင်ငံသို့ နှစ်ရှည်စာချုပ်များအောက်တွင် ရုရှားမှ ပိုက်လိုင်းများမှတဆင့် ရောင်းချမှု တိုးလာမည်ဖြစ်သည်။

အဆိုပါ သဘောတူညီချက်အရ ယူရိုငွေဖြင့် ပေးချေသွားမည်ဖြစ်ကြောင်း အမေရိကန်ဒေါ်လာကို အခြေပြုသုံးစွဲနေမှုမှ ပြောင်းလဲစေရန် ပြည်နယ်နှစ်ခု၏ ကြိုးပမ်းမှုများနှင့်အညီဆောင်ရွက်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံသို့ ဓာတ်ငွေ့ပေးပို့သည့် ကီလိုမီတာ ၄၀၀၀ (မိုင် ၂၅၀၀) ခန့်ရှည်လျားသော ပိုက်လိုင်းဖြစ်သည့် Power of Siberia စတင်တည်ထောင်ပြီးနောက် ကုမ္ပဏီနှစ်ခုကြား ဆွေးနွေးမှုများ စတင်ခဲ့ခြင်းဖြစ်ကြောင်း ပေကျင်းသည် မကြာသေးမီက ၎င်း၏ ၂၀၆၀ ကာဗွန်ကြားနေရေးပန်းတိုင် carbon neutral goal ချမှတ်ပြီးနောက် ဆွေးနွေးပွဲများ ပိုမိုအရှိန်မြင့်လာခဲ့ကြောင်း ဖော်ပြထားပါသည်။

ပြီးခဲ့သောနှစ် ၂၀၂၁ ခုနှစ် တရုတ်နိုင်ငံ၏ ကျောက်မီးသွေး ပြတ်လပ်မှုသည် သဘာဝဓာတ်ငွေ့၏ အထူးတန်ဖိုးရှိကြောင်း နိုးကြားစေသောကြောင့် CNPC က ပိုက်လိုင်း သဘောတူညီချက်သစ်များကို ဖြည့်ဆည်းရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းရင်းမြစ်က ပြောကြားခဲ့ကြောင်း တရုတ်နိုင်ငံသည် LNG တင်သွင်းမှု တိုးတက်သော တစ်ခုတည်းသော အကြီးဆုံးနိုင်ငံအဖြစ်ဆက်လက်တည်ရှိနေမည်ဟု IEA က ပြောကြားခဲ့သော်လည်း ရုရှားမှ ပိုက်လိုင်းစီးဆင်းမှုများပြားလာမှုကြောင့် အလုံးစုံဓာတ်ငွေ့ဝယ်လိုအား တိုးတက်မှုသည် ၂၀၂၁ ခုနှစ်တွင် ၁၇% ရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် တိုးတက်မှုနှုန်း ၉% သို့ ကျဆင်းသွားခဲ့၍ တိုးတက်မှု နှေးကွေးခြင်းဖြစ်ပေါ်ကြောင်း ဖော်ပြထားပါသည်။

ရင်းမြစ် www.reuters.com/world/asia-pacific/exclusive-russia-china-agree-30-year-gas-deal-using-new-pipeline-source-2022-02-04/

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……………………………………………………………………………………………..

Agribusiness & Trade

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၉ / ၂၀၂၂)　　　　　　　　　　　　၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၂၈) ရက်

| ၂၈-၇-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၅၀.၀ |
| ယူရို | ၁၈၈၇.၁ |
| စင်္ကာပူဒေါ်လာ | ၁၃၃၉.၅ |
| စတာလင်ပေါင် | ၂၂၅၂.၇ |
| ဂျပန်ယန်း (၁၀၀) | ၁၃၆၆.၉ |
| တရုတ်ယွမ် | ၂၇၄.၂၉ |
| ဟောင်ကောင် ဒေါ်လာ | ၂၃၅.၆၈ |
| အိန္ဒိယရူပီး | ၂၃.၁၈၇ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၂.၀၇ |
| မလေးရှား ရင်းဂစ် | ၄၁၅.၅၉ |
| ဖိလစ်ပိုင်ပီဆို | ၃၃.၁၃၆ |
| ထိုင်းဘတ် | ၅၀.၆၀၉ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၁၆၈ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဥရောပဒေသနှင့် ဂျာမနီနိုင်ငံ၏ ကော်ဖီဈေးကွက်အခြေအနေ

➢ ဇူလိုင်လအတွင်း တရုတ်ပြည်တွင်းဈေးကွက်၌ ပဲပုပ်ဈေးကွက် အားပျော့ခဲ့

- **အထွေထွေသတင်းများ**

➢ ဇူလိုင်လ တတိယပတ်အတွင်း တရုတ်နိုင်ငံ၏ ပြည်တွင်း LNG ဈေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့

➢ တရုတ်ပြည်တွင်း သကြားဖြူဈေးနှုန်း ကျဆင်းနေ

➢ COVID-19 ရောဂါကုသရာတွင် အသုံးပြုရန်အတွက် ပြည်တွင်းထုတ် သောက်ဆေးကို တရုတ်နိုင်ငံက အတည်ပြုလိုက်ပြီဖြစ်

➢ ဗီယက်နမ် အသင့်စားခေါက်ဆွဲခြောက်များတွင် တားမြစ်ပစ္စည်းများပါဝင် နေကြောင်း ဥရောပသမဂ္ဂမှ သတိပေးချက်ထုတ်ပြန်

➢ အမှာစာရရှိမှုများ နှေးကွေးလာသောကြောင့် အမြတ်အစွန်းရရှိမှုလျော့ နည်းလာမည်ကို စိုးရိမ်နေသည့် ဗီယက်နမ် အထည်အလိပ်လုပ်ငန်းများ

➢ ဇူလိုင်လ တတိယပတ်အတွင်းဖြစ်ပေါ်ခဲ့သော ရပ်ဝန်းနှင့်ပိုးလမ်းမထူးခြား သတင်းများ

➢ ယူရိုဇုန်ဒေသ အတိုးနှုန်း မြှင့်တင်သတ်မှတ်ခြင်း (ဂျာမနီ)

➢ ဂျာမနီနိုင်ငံရှိ Fruit Juice လုပ်ငန်းဈေးကွက်

- Brexit ကာလနောက်ပိုင်း အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံအကြား စီးပွားရေးဆက်သွယ်ဆောင်ရွက်မှု အခြေအနေ

## ဥရောပဒေသနှင့် ဂျာမနီနိုင်ငံ၏ ကော်ဖီဈေးကွက်အခြေအနေ

ကော်ဖီဈေးကွက်အတွင်း အမျိုးပေါင်း (၁၂၄) မျိုးခန့်ရှိသော်လည်း စီးပွားရေးဖြစ် ရောင်းဝယ်ကြသည့် အမျိုးအစားမှာအနည်းငယ်သာရှိပြီး ယင်းတို့အနက် အာရေဗီကာ (Arabica) ကော်ဖီနှင့် ရိုဘတ်စ်တာ(Robusta) ကော်ဖီတို့မှာ အဓိကဈေးကွက်ဝင်သည့် ကော်ဖီများ ဖြစ်ကြပါသည်။ အာရေဗီကာကော်ဖီမှာ ကုန်းမြင့်ဒေသတွင်စိုက်ပျိုးနိုင်သည့်အမျိုးအစား ဖြစ်ကာ ကမ္ဘာ့ကော်ဖီထုတ်လုပ်မှု၏ ၇၅ ရာခိုင်နှုန်းရှိပါသည်။ ရိုဘတ်စ်တာကော်ဖီကို မြေနိမ့်ဒေသတွင်စိုက်ပျိုးနိုင်ပြီး ကမ္ဘာ့ကော်ဖီထုတ်လုပ်မှု၏ ၂၀ ရာခိုင် နှုန်းရှိပါသည်။ ကော်ဖီစေ့ (green coffee beans ) များအတွက် HS codes အနေနှင့် 090111 (coffee, not roasted, not decaffeinated) နှင့် 090112 (coffee, not roasted, decaffeinated) ကို အသုံးပြုကြပါသည်။

ဥရောပဒေသသည် ကြီးမားသောကော်ဖီဈေးကွက်ရှိပြီး ကော်ဖီထုတ်လုပ်သောနိုင်ငံများအတွက် အခွင့်အလမ်းကောင်းများရှိသည့် ဈေးကွက်ဖြစ်ပါသည်။ ကမ္ဘာ့ကော်ဖီသောက်သုံးမှု၏ သုံးပုံတစ်ပုံသည် ဥရောပဒေသမှဖြစ်ပါသည်။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ဥရောပဒေသသည် တန်ချိန် ၃.၂၄၄ သန်းဖြင့် ကမ္ဘာ့ကော်ဖီ သောက်သုံးမှု၏ ၃၃ ရာခိုင်နှုန်းရှိခဲ့ပြီး အာရှနှင့် သမုဒ္ဒရာပိုင်းဒေသက ၂၂ ရာခိုင်နှုန်း၊ လက်တင် အမေရိကဒေသက ၂၀ ရာခိုင်နှုန်းနှင့် မြောက်အမေရိကဒေသက ၁၉ ရာခိုင်နှုန်းအသီးသီး ဈေးကွက်ဝေစုများ ရရှိခဲ့ကြပါသည်။ ဥရောပဒေသတွင် အရည်အသွေးမြင့်မားပြီး ဈေးကွက်ဝင် အသိအမှတ်ပြုလက်မှတ်များ ရရှိထားသော ကော်ဖီများ(Arabica နှင့် Robusta)ကို အထူးတန်းဝင်ဈေးကွက် (specialty market)အဖြစ် လက်ခံသတ်မှတ်ကြပြီး စိတ်ဝင်စားမှုမြင့်မားလာသည့် ဈေးကွက်ဖြစ်ပါသည်။ အီးယူဒေသသည် လူတစ်ဦးချင်းကော်ဖီသောက်သုံးမှု အများဆုံးတွင်လည်း ပါဝင်ထားပြီး ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ၅ ကီလိုဂရမ်အထက်တွင်ရှိပါသည်။ လူဇင်ဘတ်နိုင်ငံသည် လူတစ်ဦးတစ်နှစ် သောက်သုံးမှု ၁၁ ကီလိုဂရမ်အထက်နှင့် နယ်သာလန်နှင့် ဖင်လန်နိုင်ငံတို့တွင် ၈.၂ ကီလိုဂရမ်စီ ရှိကြပါသည်။ ဥရောပအနောက်ပိုင်းဒေသများတွင်၂၀၁၀ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အရောင်းဆိုင် များတွင် speciality coffee ရောင်းချရမှုသည် ၁၄၀ ရာခိုင်နှုန်းအားဖြင့် တိုးတက်ခဲ့ပါသည်။

ဥရောပဒေသသည် ကော်ဖီဈေးကွက်ကြီးမားမှုရှိသကဲ့သို့ ကော်ဖီတင်သွင်းမှုကို လေ့လာကြည့်လျှင်လည်း ၂၀၂၀ ခုနှစ်တွင် စုစုပေါင်း green coffee တန်ချိန် ၃.၆ သန်းကို တင်သွင်းခဲ့ပြီး တန်ဘိုးအားဖြင့် ယူရို ၇.၉ ဘီလီယံရှိခဲ့ပါသည်။ ကော်ဖီထုတ်လုပ်သည့်နိုင်ငံများမှ တိုက်ရိုက်ဝယ်ယူမှုသည် ခန့်မှန်းခြေအားဖြင့် ၈၇ ရာခိုင်နှုန်းရှိကာ ၂၀၂၀ ခုနှစ်တွင် တန်ချိန် ၃.၁ သန်း တင်သွင်းခဲ့ပါသည်။ ဂျာမနီနိုင်ငံက စုစုပေါင်းတင်ပို့မှု၏ ၃၅ ရာခိုင်နှုန်းရှိခဲ့ကာ၊ အီတလီနိုင်ငံ ၁၈ ရာခိုင်

နှုန်း၊ ဘယ်လ်ဂျီယမ်နိုင်ငံ ၁၀ ရာခိုင်နှုန်း၊ စပိန် ၈.၄ ရာခိုင်နှုန်းနှင့် ဥရောပနိုင်ငံများအကြား ကုန်သွယ်မှုသည် ၁၃ ရာခိုင်နှုန်း ရှိခဲ့ပါသည်။

coffee–roasting လုပ်ငန်းတွင် ဥရောပဒေသသည် အခြေစိုက်လုပ်ကိုင်ရာ နေရာဒေသတစ်ခုဖြစ်သော်လည်း ဈေးကွက်အနေနှင့် ကုမ္ပဏီကြီးအချို့ကသာ ဦးဆောင်လုပ်ကိုင်နေရာ ဥပမာအားဖြင့် Nestlé (Switzerland)၊ Melitta (Germany)၊ Starbucks (United States) တို့ဖြစ်ကြပြီး ကမ္ဘာ့ coffee–roasting လုပ်ငန်း၏ ၃၅ ရာခိုင်နှုန်းကို လုပ်ကိုင်နေကြပါသည်။ ဂျာမနီနိုင်ငံသည် ဥရောပဒေသတွင်အကြီးဆုံး roasting လုပ်ငန်းလုပ်ကိုင်သူဖြစ်ပြီး အီတလီ၊ စပိန်၊ နယ်သာလန်၊ ပြင်သစ်နှင့် ဆွီဒင်တို့လည်း လုပ်ကိုင်ကြပါသည်။ သို့ဖြစ်၍ ဥရောပဒေသသည် roasted and ground coffee အများဆုံးတင်ပို့သူဖြစ်ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း တင်ပို့မှုသည် နှစ်စဉ် ၃.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် စုစုပေါင်းတင်ပို့မှု၏ ၈၄ ရာခိုင်နှုန်း( တန်ချိန် ၁ သန်းခန့်) သည် ဥရောပဒေသမှဖြစ်ပြီး ဂျာမနီနိုင်ငံနှင့် အီတလီနိုင်ငံတို့က ဈေးကွက်ဝေစု ၂၃ ရာခိုင်နှုန်းစီဖြင့် အများဆုံးတင်ပို့နိုင်ကာ အခြားတင်ပို့သည့် နိုင်ငံများမှာ နယ်သာလန်(၉.၃ ရာခိုင်နှုန်း)၊ ဆွဒ်ဇာလန်(၈.၈ရာခိုင်နှုန်း)၊ ပိုလန်(၆.၁ ရာခိုင်နှုန်း) တို့ဖြစ်ကြပါသည်။

**ဂျာမနီနိုင်ငံ**

ဂျာမနီနိုင်ငံသည် ကော်ဖီစေ့အရည်အသွေးအမျိုးမျိုးကို နေရာဒေသများစွာမှ ဝယ်ယူတင်သွင်းပြီး ပြည်တွင်းတွင် ကော်ဖီစေ့လှော်ခြင်းဆောင်ရွက်သကဲ့သို့ အီးယူဒေသ၏ coffee trade hub အဖြစ် အခြားအီးယူအဖွဲ့ဝင်နိုင်ငံများသို့ပြန်လည် တင်ပို့ခြင်းကို ပြုလုပ်ပါသည်။ ဟမ်းဘတ်နှင့် ဘရီမင်ဆိပ်ကမ်းသည် ကော်ဖီစေ့များအဓိက တင်သွင်းသည့် ဆိပ်ကမ်းများ ဖြစ်ကြပါသည်။ ၂၀၁၉ ခုနှစ်တွင် green coffee တန်ချိန် ၁.၁ သန်းတင်သွင်း၍ တန်ဘိုးအားဖြင့် ယူရို ၂.၃ ဘီလီယံ ရှိပြီး ဥရောပဒေသတင်သွင်းမှု၏ ၃၅ ရာခိုင်နှုန်းရှိခဲ့ကာ ဘရာဇီးနိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပါသည်။ အီးယူဒေသတွင်း green coffee ပြန်လည်တင်ပို့မှု၏ ၃၆ ရာခိုင်နှုန်းသည် ဂျာမနီနိုင်ငံမှဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် တန်ချိန် (၃၆၅၀၀၀) နှင့်၂၀၂၀ ခုနှစ်တွင် တန်ချိန် (၁၇၅၀၀၀) ပြန်လည်တင်ပို့မှုပြုခဲ့ပြီး ပိုလန်၊ ပြင်သစ်၊ ချက်ရီပတ်ဘလစ်နှင့် နယ်သာလန်နိုင်ငံတို့ဖြစ်ကြပါသည်။ Roasted coffee တင်ပို့မှုတွင် ၂၀၁၉ ခုနှစ်၌ တန်ချိန် (၂၃၆၀၀၀) နှင့် ၂၀၂၀ ခုနှစ်၌ တန်ချိန် (၂၃၅၀၀၀) တင်ပို့ခဲ့ပြီး အီးယူဒေသတွင်း အီတလီနိုင်ငံပြီးလျှင် ဒုတိယအများဆုံး တင်ပို့သည့်နိုင်ငံဖြစ်ပါသည်။ တစ်ဦးချင်း ကော်ဖီသောက်သုံးမှုတွင် အီးယူဒေသ၌ အများဆုံးမဟုတ်သော်လည်း ပျမ်းမျှတစ်နှစ်လျှင် ၆.၅ ကီလိုဂရမ် ရှိပါသည်။ အထူးတန်းဝင်နှင့် အရည်အသွေးမြင့်မား

Agribusiness & Trade

သော ကော်ဖီနှင့် အော်ဂဲနစ်ကော်ဖီဈေးကွက် အခွင့်အလမ်းများစွာရှိပြီး အီးယူဒေသတွင် ယူနိုက်တက်ကင်းဒမ်းနိုင်ငံပြီးလျှင် ဒုတိယ အကြီးဆုံး Branded coffee-shop ဈေးကွက်ဖြစ်ပါသည်။

ဂျာမန်ကော်ဖီကုမ္ပဏီကြီးများမှာ ECOM၊ Kaffee Import Compagnie၊ Neumann Kaffee Gruppe စသည်တို့ဖြစ်ပါသည်။ ဂျာမန်စားသုံးသူများက အာရေဗီကာကော်ဖီကို ကြိုက်နှစ်သက်မှု ရှိကြသည်။ ဂျာမန်စားသုံးသူများက sustainably certified coffee များကို သောက်သုံးလိုမှုများလည်း မြင့်မားလာပြီး ဂျာမနီနိုင်ငံသည် Fairtrade အသိအမှတ်ပြုလက်မှတ်ရ ကော်ဖီဈေးကွက်အကြီးဆုံးလည်း ဖြစ်လာပါသည်။ ဂျာမနီနိုင်ငံတွင် Fairtrade လက်မှတ်ရ ကော်ဖီများ၏ ၇၅ ရာခိုင်နှုန်းခန့်ကို အော်ဂဲနစ်ကော်ဖီအဖြစ်လည်း အသိအမှတ်ပြုပါသည်။ ကော်ဖီသောက်သုံးမှုသည် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကာလအတွင်း သိသာစွာကျဆင်းခဲ့ပြီး ပုံမှန်ပြန်လည်ရောက်ရှိလာမည်ဟု မျှော်လင့်ထားရှိပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ကော်ဖီဈေးကွက်ပြန်လည်စတင်လာနိုင်ခဲ့ပြီး တစ်ဦးချင်းသောက်သုံးမှုများလည်း ပြန်လည်မြင့်တက်လာရာ တစ်နှစ်သောက်သုံးမှု ကော်ဖီခွက်ပေါင်း(၅၀၀) သန်း ပတ်ဝန်းကျင်ရှိကြောင်း တွေ့ရှိရပါသည်။ German Coffee Association မှ Managing Director Mr.Holger Preibisch က ၂၀၂၁ ခုနှစ်အတွင်း ယခင်နှစ်ထက် ကော်ဖီသောက်သုံးမှု ပိုမိုများပြားလာကြောင်း၊ ကပ်ရောဂါကာလအတွင်း အိမ်ထောင်စုများတွင် ကော်ဖီဖျော်စက်များထားရှိသောက်သုံးကြခြင်း ရှိလာကြောင်း၊ ရှေ့ဆက်၍ ကော်ဖီဈေးကွက်တိုးတက်လာရန် မျှော်လင့်ထားကြောင်း ပြောကြားပါသည်။

**အီတလီနိုင်ငံ**

အီတလီနိုင်ငံသည် ဥရောပတွင် ဒုတိယအကြီးဆုံးကော်ဖီစေ့တင်သွင်းသူဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် (၅၆၅၀၀၀) တန် တင်သွင်းခဲ့ပါသည်။ အဓိကတင်သွင်းသည့် ဆိပ်ကမ်းများမှာ Trieste နှင့် Genoa တို့ဖြစ်ပြီး ဘရာဇီး၊ ဗီယက်နမ်၊ ယူဂန္ဒာနိုင်ငံများမှ အဓိကတင်သွင်းပါသည်။ ယေဘုယျအားဖြင့် Robusta အမျိုးအစားကိုတင်သွင်းပြီး Espresso ကော်ဖီအနေဖြင့် သောက်သုံးလေ့ရှိကြပါသည်။ coffee-roasting လုပ်ငန်းကို ကျယ်ပြန့်စွာလုပ်ကိုင်ပြီး ဥရောပတစ်ခွင်နှင့် အမေရိကန်နိုင်ငံများသို့ တင်ပို့ပါသည်။ ၂၀၂၀ ခုနှစ်တွင် ဥရောပတွင် roasted coffee အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ပြီး ၂၃၆၀၀၀ တင်ပို့ခဲ့ပါသည်။ ကော်ဖီယဉ်ကျေးမှု ထွန်းကားသည့်နိုင်ငံဖြစ်ပြီး လူတစ်ဦး တစ်နှစ်လျှင် ပျမ်းမျှ ၅.၉ ကီလိုဂရမ်သောက်သုံးပါသည်။ Specialty coffee ဈေးကွက်တိုးတက်မှု များစွာမရှိသေးဘဲ ကော်ဖီဘားများ တစ်သိန်းခွဲခန့် ရှိသော်လည်း Specialty coffee shop မှာ (၁၀၀) ခန့်သာ ရှိနေသေးပါသည်။ Specialty coffee ဈေးကွက် ထိုးဖောက်ရန်သင့်တော်သည့်အနေအထားတွင် ရှိနေပါသည်။

Agribusiness & Trade

## ဘယ်လ်ဂျီယံ

ဘယ်လ်ဂျီယံနိုင်ငံသည် ဥရောပတွင် တတိယအကြီးဆုံး ကော်ဖီစေ့တင်သွင်းသူဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် ဥရောပသို့ တင်သွင်းမှု၏ ၁၀ ရာခိုင်နှုန်းမှာ ဘယ်လ်ဂျီယံမှ ဖြစ်ပါသည်။ တင်သွင်းမှုများ၏ ၉၆ ရာခိုင်နှုန်းသည် ကော်ဖီထုတ်လုပ်သည့်နိုင်ငံများမှ တိုက်ရိုက်တင်သွင်းခြင်းဖြစ်ပြီး တန်ချိန် (၃၀၁၀၀၀) တင်သွင်းခဲ့ပါသည်။ ဘရာဇီး၊ ဗီယက်နမ်၊ ဟွန်ဒူးရပ်စ်နိုင်ငံများမှ အဓိက တင်သွင်းပါသည်။ တင်သွင်းမှု၏ ၇၇ ရာခိုင်နှုန်းကို ပြန်လည်တင်ပို့မှုပြုလုပ်ပြီး ဥရောပတွင်ကော်ဖီကုန်သွယ်မှုဗဟိုဌာနတစ်ခုအနေဖြင့်လည်း ဆောင်ရွက်ပါသည်။ ပြန်လည်တင်ပို့မှုများမှာ နယ်သာလန်၊ ဂျာမနီ၊ ပြင်သစ်၊စပိန်နိုင်ငံများသို့ ဖြစ်ပါသည်။ အဓိက ဆိပ်ကမ်းမြို့များမှာ Antwerp နှင့် Zeebrugge တို့ဖြစ်ပါသည်။ အဆိုပါ ဆိပ်ကမ်းနှစ်ခု ပေါင်းစည်းဆောင်ရွက်မှုကို ၂၀၂၁ ခုနှစ်တွင် သဘောတူထားရှိရာ ပြီးစီးပါက Port of Antwerp–Bruges အမည်ဖြင့် ဥရောပတွင် ကော်ဖီတင်ပို့သူများအတွက် အရေးပါသည့် ဆိပ်ကမ်းတစ်ခု ဖြစ်လာမည် ဖြစ်ပါသည်။

## ဥရောပအရှေ့ပိုင်းနိုင်ငံများ

ဥရောပအရှေ့ပိုင်းနိုင်ငံများဖြစ်သည့် ပိုလန်၊ ရိုမေးနီးယား၊ ဘူဂေးရီးယား၊ ခရိုအေးရှား၊ ချက်၊ ဟန်ဂေရီစသည့်နိုင်ငံများတွင် ဥရောပအနောက်ပိုင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ကော်ဖီသောက်သုံးမှုနည်းပါးသော်လည်း တစ်ဖြည်းဖြည်းတိုးတက်မှုရှိလာနေပါသည်။ Specialty coffee သောက်သုံးမှုကို ပိုမိုစိတ်ဝင်စားမှုရှိလာကြပါသည်။ ၂၀၂၀ ခုနှစ်တွင် ဥရောပအရှေ့ပိုင်းနိုင်ငံများ၏ ကော်ဖီစေ့တင်သွင်းမှုသည် ဥရောပကော်ဖီတင်သွင်းမှု၏ ၆.၅ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ပိုလန်နိုင်ငံက အရှေ့ပိုင်းနိုင်ငံများအနက် အများဆုံးတင်သွင်းသူဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် တန်ချိန် (၁၂၈၀၀၀) တင်သွင်းခဲ့ပါသည်။ ပိုလန်နိုင်ငံတင်သွင်းမှု၏ ၆၅ ရာခိုင်နှုန်းသည် ကော်ဖီထုတ်လုပ်သည့်နိုင်ငံများမှ တိုက်ရိုက်ဝယ်ယူခြင်းဖြစ်ပြီး ဗီယက်နမ်၊ ဘရာဇီး၊ ယူဂန်ဒါနိုင်ငံများမှ အဓိကတင်သွင်းပါသည်။ ၃၀ ရာခိုင်နှုန်းကျော်မှာ ဂျာမနီနိုင်ငံမှ တင်သွင်းခြင်းဖြစ်ပါသည်။ ဘူဂေးရီးယားနိုင်ငံက အရှေ့ပိုင်းနိုင်ငံများအနက် ဒုတိယအများဆုံးတင်သွင်းသူဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် တန်ချိန် (၃၀၀၀၀)တင်သွင်းခဲ့ပြီး ဗီယက်နမ်၊ ဘရာဇီးနိုင်ငံတို့မှ ဖြစ်ပါသည်။

## အခြားဥရောပနိုင်ငံဈေးကွက်များ

အခြားဥရောပနိုင်ငံများဖြစ်သည့် စပိန်၊ ဆွဒ်ဇာလန်၊ ပြင်သစ်နိုင်ငံတို့သည်လည်း ကော်ဖီဈေးကွက်အတွက် အလားအလာကောင်းသည့်နိုင်ငံများဖြစ်ကြပါသည်။ စပိန်နိုင်ငံသည် ၂၀၂၀ ခုနှစ်တွင် ဥရောပကော်ဖီတင်သွင်းမှု၏ ၈.၄ ရာခိုင်နှုန်းရှိခဲ့ကာ ဗီယက်နမ်နိုင်ငံမှ တင်သွင်းခဲ့ပါ

သည်။ ဆွဒ်ဇာလန်နိုင်ငံက ၅.၈ ရာခိုင်နှုန်းနှင့် ပြင်သစ်နိုင်ငံက ၅.၁ ရာခိုင်နှုန်းစီ တင်သွင်းမှုရှိခဲ့ပြီး ဘရာဇီးနိုင်ငံမှ ဖြစ်ပါသည်။

**မြန်မာနိုင်ငံမှ အီးယူနှင့်ဂျာမနီနိုင်ငံသို့ကော်ဖီတင်ပို့မှု သုံးသပ်တင်ပြချက်**

ဥရောပဒေသ ကော်ဖီစျေးကွက်သည် green coffee တိုက်ရိုက်ထုတ်လုပ်သည့်နိုင်ငံများ၊ suppliers များထံမှ ဝယ်ယူတင်သွင်းသကဲ့သို့ ၊ green coffee beans ဖြန့်ဖြူးသူနှင့် specialty coffees စျေးကွက် တိုးတက်ဆောင်ရွက်သူများအနေဖြင့်လည်း ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်လုပ်ကိုင်နေပါသည်။ အရည်အသွေးမီ အထူးတန်းဝင်နှင့် အသိအမှတ်ပြုလက်မှတ်ရထားသော ကော်ဖီများကို ကြိုက်နှစ်သက်မှုလည်း တိုးတက်လာနေပါသည်။ Fairtrade၊ Organic နှင့် Rainforest Alliane ကဲ့သို့သောအသိအမှတ်ပြုလက်မှတ်များမှာ အရေးပါလာပါသည်။ Fairtrade လက်မှတ်အတွက် ယူကေနိုင်ငံကဦးဆောင်နေပြီး ဂျာမနီနိုင်ငံက ဒုတိယနေရာတွင် ရှိနေပါသည်။ အာရှဒေသတွင် ဗီယက်နမ်နိုင်ငံက ဥရောပဒေသသို့ ကော်ဖီတင်သွင်းသူအဖြစ် အဓိကနေရာရယူထားပါသည်။မြန်မာနိုင်ငံမှ ကော်ဖီထုတ်လုပ်တင်ပို့သူများအနေဖြင့် specialty coffees ထုတ်လုပ်မှုကို ဆက်လက်တိုးတက်ဆောင်ရွက်ပြီး စျေးကွက်အသိအမှတ်ပြု လက်မှတ်များရယူခြင်း၊ ဂျာမနီနိုင်ငံရှိ Biofach ၊ Anuga ကဲ့သို့သော အစားအသောက်ဆိုင်ရာ ကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းဖြင့် ဥရောပဒေသသို့ မြန်မာ့ကော်ဖီတင်ပို့မှုကို တိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

Source: https://www.cbi.eu/market-information/coffee/ www.kaffeeverband.de

https://trade.ec.europa.eu/access-to-markets/en/results?product=090111&origin= MM&destination=DE

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး
ဘာလင်

---

**ဇူလိုင်လအတွင်း တရုတ်ပြည်တွင်းစျေးကွက်၌ ပဲပုပ်စျေးကွက် အားပျော့ခဲ့**

SunSir မှ ရရှိသော အချက်အလက်များအရ ဇူလိုင်လအတွင်း တရုတ်ပြည်တွင်းရှိ ပဲပုပ်စျေးကွက်မှာ ဆက်လက်အားနည်းနေခဲ့ပြီး၊ ပျမ်းမျှစျေးနှုန်းမှာ တစ်တန်လျှင် (၆,၁၀၀) ယွမ်ဝန်းကျင်ရှိခဲ့ပါသည်။ ဇူလိုင်လ အစ၌ တစ်တန်လျှင် (၆,၁၆၄) ယွမ်ရှိခဲ့ပြီး၊ ဇူလိုင်လ (၂၆) ရက်နေ့

တွင် (၆,၁၅၂) ယွမ်ရှိခဲ့ကာ၊ တစ်လတည်းမှာ ပင် (၀.၁၉) ရာခိုင်နှုန်းခန့် ကျဆင်းလာသည်ကို တွေ့ရပါသည်။

ယခုကဲ့သို့ ကျဆင်းလာခြင်းမှာ ဇူလိုင်လအစောပိုင်းမှစ၍ ပြည်တွင်းမှ ပဲပုပ်ဝယ်လိုအား ကျဆင်းလာသောကြောင့်ဖြစ်ပြီး၊ ယေဘုယျဈေးနှုန်းမှာ တစ်ကတ်တီ (catty) လျှင် (၃) ယွမ်မှ (၃.၁)ယွမ်ကြား ဖြစ်ပါသည်။ ပဲပုပ်အသစ်မှာ စိုက်ပျိုးနေဆဲကာလဖြစ်ပြီး၊ ပဲပုပ်အဟောင်း ရောင်းလိုအား ကျဆင်းလာပါသည်။ တစ်ချိန်တည်းမှာပင် ဈေးကွက်အတွင်း နိုင်ငံပိုင် ပဲပုတ်များလေလံဆွဲမှုများမှာလည်း လျော့နည်းလာသောကြောင့် ပြည်တွင်း ပဲပုပ်ဈေးကွက်မှာ ယခုအခြေအနေဝန်းကျင်၌ပင် ဆက်လက်၍ တည်ငြိမ်နေဖွယ်ရှိပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန

## ဇူလိုင်လ တတိယပတ်အတွင်း တရုတ်နိုင်ငံ၏ ပြည်တွင်း LNG ဈေးနှုန်းများ ဆက်လက်မြင့် တက်ခဲ့

SunSirs မှ ရရှိသော အချက်အလက်များအရ ဇူလိုင်လ တတိယပတ်အတွင်း တရုတ်နိုင်ငံ၏ ပြည်တွင်း LNG ဈေးနှုန်းမှာ ဇူလိုင်လ (၁၈)ရက်နေ့၌ တစ်တန်လျှင် (၅,၈၀၂) ယွမ်ရှိခဲ့ရာမှ ဇူလိုင်လ (၂၂) ရက်နေ့တွင် (၆,၁၁၀) ယွမ်ဖြစ်သွားခဲ့သောကြောင့် တစ်ပတ်အတွင်း (၅.၃၁) ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ကို တွေ့ရပါသည်။

၎င်းရက်သတ္တပတ်အတွင်း ဓာတ်ငွေ့ကုန်ကြမ်းလေလံဈေးနှုန်းမှာ မြင့်တက်ခဲ့သည့်အပြင် ပြည်ပမှဓာတ်ငွေ့ဈေးနှုန်းကလည်း ဆက်လက်မြင့်တက်လာရာ ပြည်တွင်း LNG ဈေးနှုန်းကပါ လိုက်တက်ခဲ့ခြင်း ဖြစ်ပါသည်။

ကုန်ချောထုတ်လုပ်သည့်ဘက်မှ ဓာတ်ငွေ့ ဝယ်/မဝယ် အတွေးများနေချိန်တွင် သဘာဝဓာတ်ငွေ့ကို တိုးမြှင့်ဖြည့်တင်းထားလိုသည့်ဘက်မှ အားကောင်းလာသည်ကို တွေ့ရပါသည်။ အတွင်း မွန်ဂိုလီးယားပြည်နယ်ရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှာ ပြုပြင်မှုပြုကာနီးဖြစ်သောကြောင့် ဓာတ်ငွေ့ရည်စက်ရုံများသို့ ပေးပို့နိုင်မှုလျော့နည်းလာရာ၊ ၎င်းဒေသဝန်းကျင်ရှိ ဓာတ်ငွေ့ရည်များ အမြတ်အစွန်း ဖြစ်ပေါ်နိုင်ဖွယ်ရှိပါသည်။ ပူပြင်းသောနွေရာသီတွင် ဓာတ်ငွေ့ဖြင့်

ထုတ်လုပ်သော စွမ်းအင်ဝယ်လိုအားမှာ မြင့်တက်နေသဖြင့် LNG ဈေးကွက် အားကောင်းနေခြင်း ဖြစ်ပါသည်။

ဇူလိုင်လ (၂၂) ရက်နေ့၌ အတွင်းမွန်ဂိုလီးယားပြည်နယ်ရှိ LNG ဈေးနှုန်းမှာ တစ်တန်လျှင် (၆,၀၅၀)ယွမ် မှ (၆,၂၀၀) ယွမ်ကြား၊ ရှန်းစီး (Shaanxi) ပြည်နယ်ရှိ ဈေးနှုန်းမှာ (၆,၀၈၀) ယွမ် မှ (၆,၂၃၀) ယွမ်ကြား၊ ရှန်စီ (Shanxi) ပြည်နယ်ရှိ ဈေးနှုန်းမှာ (၆,၀၅၀)ယွမ် မှ (၆,၂၂၀) ယွမ်ကြား၊ နင်းရှပြည်နယ် ရှိ ဈေးနှုန်းမှာ (၆,၁၂၀)ယွမ် မှ (၆,၁၇၀) ယွမ်ကြား၊ ဟာပေပြည်နယ်ရှိ ဈေးနှုန်းမှာ (၆,၂၅၀)ယွမ် မှ (၆,၃၅၀) ယွမ်ကြား၊ ဟောနန်ပြည်နယ်ရှိ ဈေးနှုန်းမှာ (၆,၂၀၀)ယွမ် မှ (၆,၅၅၀) ယွမ်ကြား၊ စီချွမ်းပြည်နယ်ရှိ ဈေးနှုန်းမှာ (၆,၂၅၀)ယွမ် မှ (၆,၄၀၀) ယွမ်ကြား၊ ရှန်းတုန်းပြည်နယ်ရှိ ဈေးနှုန်းမှာ (၆,၇၅၀)ယွမ် မှ (၆,၈၀၀) ယွမ်ကြား အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရပါသည်။

မကြာသေးမီအတောအတွင်း တရုတ်နိုင်ငံတွင်း၌ LNG ဈေးကွက်အလားအလာမှာ ပိုမိုမြင့်မားလာပြီး၊ ဈေးကွက်လည်ပတ်မှုမှာလည်း ကောင်းမွန်နေရာ ဈေးနှုန်းသက်သာနေသည့် ဓာတ်ငွေ့ရည်စက်ရုံများက ဈေးနှုန်းကို ဆက်လက်ဆွဲတင်ကြဖွယ် ရှိနေသောကြောင့် ရေတိုကာလတွင် LNG ဈေးနှုန်းများ ဆက်လက်မြင့်တက်နေဦးမည်ဟု ခန့်မှန်းရရှိပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန

…………………………………………………………………

## တရုတ်ပြည်တွင်းသကြားဖြူဈေးနှုန်း ကျဆင်းနေ

ဇူလိုင်လ တတိယရက်သတ္တပတ် အစောပိုင်းတွင် ပထမတန်းစား သကြားဖြူ၏ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် (၅,၈၅၂)ယွမ် ရှိခဲ့ပြီး၊ ၎င်းရက်သတ္တပတ်နှောင်းပိုင်း၌ တစ်တန်လျှင် (၅,၈၅၀)ယွမ် ဖြစ်ခဲ့သဖြင့် တစ်ပတ်အတွင်း ဈေးနှုန်း (၀.၀၃) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ၎င်းဈေးနှုန်းမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင်မှု (၃.၇၂) ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရပါသည်။

ဇူလိုင်လအတွင်း တရုတ်နိုင်ငံ၏ ပြည်တွင်းသကြားရောင်းချရန်ဖိအားများ မြင့်နေပြီး၊ ဩဂုတ်လအတွင်း ချဉ်းနင်းဝင်ရောက်လာချိန်၌ သိုလှောင်သည့်ဘက်မှ ဖိအားများလျော့နည်းလာပါသည်။ အောက်တိုဘာလတွင် တရုတ်နိုင်ငံမြောက်ပိုင်းရှိ သကြားမုန်လာများမှထုတ်လုပ်

သော သကြားများ စတင်ထုတ်လုပ်တော့မည်ဖြစ်ရာ တရုတ် သကြားကုမ္ပဏီများက သိုလှောင်မှုများကို တဖြည်းဖြည်းချင်း လျှော့ချလာကြပါသည်။

ဇွန်လကုန်၌ တရုတ်နိုင်ငံရှိ စုစုပေါင်းသကြားထုတ်လုပ်မှုမှာ တန်ချိန် (၉.၅၆)သန်းရှိခဲ့ပြီး၊ ယခင်နှစ်ကထက် တန်ချိန် (၁.၁၁)သန်း လျော့နည်းခဲ့ကြောင်း၊ စုစုပေါင်း သကြားရောင်းချရမှုမှာ တန်ချိန် (၆.၀၁) သန်းရှိခဲ့ပြီး၊ ယခင်နှစ်ကထက် တန်ချိန် (၈၂၀,၀၀၀) လျော့နည်းခဲ့ကြောင်း၊ စက်မှုလုပ်ငန်းများဘက်မှ သိုလှောင်ထားရှိမှုမှာ တန်ချိန် (၃.၅၅)သန်းရှိပြီး၊ ယခင်နှစ်ကထက် တန်ချိန် (၂၉၀,၀၀၀) လျော့နည်းခဲ့ကြောင်း သိရပါသည်။

လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံးရှိ သကြားထုတ်လုပ်မှုကို ကမ္ဘာ့တောင်ဘက်ခြမ်းမှ ဘရာဇီးလ်နိုင်ငံက လွှမ်းမိုးထားပါသည်။ ဘရာဇီးလ် ICMS အခွန်လျှော့ချသည့်ဥပဒေ ပြဌာန်းထားသော်ငြားလည်း၊ ရေနံစိမ်းဈေးကွက်မတည်ငြိမ်မှုကြောင့် ကြံပင်များမှ အီသနောလောင်စာ ထုတ်လုပ်သည့်ဈေးကွက်မှာ အားကောင်းနေသဖြင့် သကြား-အရက် ထုတ်လုပ်သည့်အချိုးမှာ ကျဆင်းနေပါသည်။ ဇွန်လ ဒုတိယပတ်အတွင်း သကြား-အရက် ထုတ်လုပ်မှုအချိုးမှာ (၄၃) ရာခိုင်နှုန်းမှ (၄၅.၄၆) ရာခိုင်နှုန်းသို့ အနည်းငယ်မြင့်တက်လာသည်ကို တွေ့ရပါသည်။

သွင်းကုန်များကို တင်သွင်းရာ၌ ကုန်ကျစရိတ်များနေခြင်းနှင့် နွေရာသီ၌ သကြားစားသုံးမှု အမြင့်ဆုံးသို့ ရောက်ရှိတတ်ခြင်းတို့ကြောင့် နောက်ပိုင်းကာလများတွင် သကြားဈေးနှုန်းမှာ အလွယ်တကူ တက်လာနိုင်ပြီး၊ ပြန်လည်ကျဆင်းနိုင်ခြေ နည်းပါးကြောင်း၊ တရုတ်ပြည်တွင်း သကြားဈေးကွက် အားကောင်းလာရန် မျှော်မှန်းမထားသည့် ဖြစ်ရပ်များက လွှမ်းမိုးကောင်း လွှမ်းမိုးနိုင်ကြောင်း သုံးသပ်ထားကြပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန

.......................................................................................

## COVID-19 ရောဂါကုသရာတွင် အသုံးပြုရန်အတွက် ပြည်တွင်းထုတ်သောက်ဆေးကို တရုတ်နိုင်ငံက အတည်ပြုလိုက်ပြီဖြစ်

COVID-19 ရောဂါကုသရာတွင် အသုံးပြုရန်အတွက် တရုတ်ပြည်တွင်းထုတ်သောက်ဆေးလုံးကို အခြေအနေပေါ်မူတည်၍ အသုံးပြုသွားရန် အတည်ပြုလိုက်ပြီဖြစ်ကြောင်း တရုတ်နိုင်ငံ၏ ထိပ်တန်း ဆေးဘက်ဆိုင်ရာတာဝန်ရှိသူက ဇူလိုင်လ (၂၅) ရက်နေ့တွင်ပြောကြားလိုက်ပါသည်။

ယခုခွင့်ပြုလိုက်သည့်သောက်ဆေးကို ရောဂါလက္ခဏာပြင်းထန်မှု အလယ်အလတ်ဖြစ်ပေါ်နေသည့် COVID-19 လူနာများအတွက် အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ၎င်းဆေးဝါးကို တတိယမြောက်နှင့် နောက်ဆုံးအဆင့်အဖြစ် စမ်းသပ်ခဲ့မှုအရ သောက်ဆေးမှာ စိတ်ချရကြောင်း၊ လူနာ

Agribusiness & Trade

များ၏ အခြေအနေကို တိုးတက်လာစေကြောင်းနှင့် (၅)ရက်အတွင်း ဗိုင်းရပ်စ်ပိုးကို ဟန့်တားနိုင်ကြောင်း သိရပါသည်။

သောက်ဆေးထုတ်လုပ်ရာတွင် ဦးဆောင်ခဲ့သည့် သုတေသီနှင့် ကျန်းကျိုးတက္ကသိုလ်၏ ဒုတိယ ဥက္ကဋ္ဌဖြစ်သည့် Chang Junbiao ၏ ပြောကြားချက်အရ အိုမီခရွန်အပါအဝင် အသစ်ပေါ်ပေါက်လာသည့် မျိုးကွဲများအားလုံးကို ကုသရာတွင် သောက်ဆေးမှာ ထိရောက်ကြောင်း၊ လက်ရှိအချိန်၌ သောက်ဆေး၏ဈေးနှုန်းကို မသတ်မှတ်ရသေးကြောင်း၊ သို့ရာတွင် Pfizer ၏ တစ်ခါသောက် ဆေးပမာဏ (per dose) တစ်ဖုံလျှင် အမေရိကန်ဒေါ်လာ (၃၄၀) တန်ဖိုးရှိ Paxlovid ဆေးထက် ဈေးနှုန်းပိုမိုနည်းပါးမည်ဖြစ်ကြောင်း သိရပါသည်။

တရုတ်ပြည်မကြီးတွင် Pfizer ၏ Paxlovid ဆေးမှာ ပထမဆုံး အတည်ပြုခဲ့သည့် COVID-19 သောက်ဆေး ဖြစ်ပြီး၊ ဖေဖော်ဝါရီလတွင် ခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။ တရုတ်ဈေးကွက်အတွင်း ပထမဆုံး အတည်ပြုလိုက်သော ပြည်တွင်းဖြစ် COVID-19 ဆေးဝါးမှာ antibody (ရောဂါပိုးဝင်လာချိန် ခန္ဓာကိုယ်၏ ခုခံအားစနစ်မှထုတ်သည့် ပဋိပစ္စည်း) ဆေးဝါးဖြစ်ကာ၊ ဆင်းဟွာတက္ကသိုလ်နှင့် Brii ဇီဝသိပ္ပံတို့မှ သုတေသနပြု၍ ထုတ်လုပ်ထားပြီး၊ ယခင်နှစ် ဒီဇင်ဘာလတွင် အတည်ပြုခဲ့ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ဆေးမျိုးကို များသောအားဖြင့် ထိုးဆေးအဖြစ် အသုံးပြုလေ့ရှိပါသည်။

ယမန်နှစ် ဇူလိုင်လ (၂၀) ရက်နေ့ကလည်း HIV-1 ကူးစက်ခံရမှုပြင်းထန်နေသည့် လူနာကိုကုသရန် ဟောနန်ပြည်နယ်အခြေစိုက် Genuine Biotech Co က ထုတ်လုပ်သည့် Azvudine ဆေးအား တရုတ်နိုင်ငံက ပထမဆုံး အတည်ပြုပေးခဲ့ပါသည်။

ရင်းမြစ်၊ CHINA DAILY
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန

.....................................................................

## ဗီယက်နမ် အသင့်စားခေါက်ဆွဲခြောက်များတွင် တားမြစ်ပစ္စည်းများ ပါဝင်နေကြောင်း ဥရောပသမဂ္ဂမှ သတိပေးချက်ထုတ်ပြန်

ဗီယက်နမ်မှ တင်သွင်းသည့် အသင့်စားခေါက်ဆွဲခြောက်များတွင် ethylene oxide ကဲ့သို့ တားမြစ် ထားသည့်ပစ္စည်းများ ပါဝင်မှုပမာဏ မြင့်မားကြောင်း ဂျာမနီနိုင်ငံက သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရပါသည်။

ဗီယက်နမ်လုပ်ငန်းများက တင်ပို့နေသော အသင့်စားခေါက်ဆွဲခြောက်အချို့အား ဥရောပသမဂ္ဂဘက်မှ သတိပေးချက်ထုတ်ပြန်ထားမှုကို လက်ခံရရှိကြောင်း ဗီယက်နမ် လယ်ယာစိုက်ပျိုး

Agribusiness & Trade

ရေးနှင့် ကျေးလက်ဖွံ့ဖြိုးမှုဝန်ကြီးဌာန၊ လူ၊ တိရစ္ဆာန်နှင့် အပင်တို့၏ ကျန်းမာရေး၊ ပိုးမွှားရောဂါ အန္တရာယ်ကင်းစင်ရေး (SPS) အာဏာပိုင်နှင့် စုံစမ်းရေးဌာနက အတည်ပြုပြောကြားပါသည်။

ဂျာမနီနိုင်ငံမှ ထုတ်ပြန်သောသတိပေးချက်၌ Asiafoods Corporation မှ ထုတ်လုပ်သော ကြက်သား အရသာ အသင့်စားခေါက်ဆွဲခြောက် (ethylene oxide ပါဝင်မှုတွင် EU စံချိန်စံညွှန်း ထက် ပိုမိုများပြားနေ)နှင့် မျိုးဗီဇပြောင်းထားသည့် ဆန်ကိုအသုံးပြု၍ ထုတ်လုပ်ထားသည့် Nguyen Gia ၏ pho ခေါက်ဆွဲတို့ ပါဝင်ပါသည်။

ဂျာမနီဘက်မှ ကောက်ယူစစ်ဆေးထားသည့် စားသောက်ကုန်အသုတ်ကို အတည်ပြုနေဆဲဖြစ်ကြောင်း၊ ဖြစ်နိုင်ခြေများသည်မှာ ယခင်နှစ်ကတည်းက တင်ပို့ထားသည့် စားသောက်ကုန်အသုတ်ဖြစ်နိုင်ကြောင်း စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ သိပ္ပံနှင့်နည်းပညာဌာနမှ ကိုယ်စားလှယ်တစ်ဦးက ပြောကြားထားပါသည်။

ယခုနှစ် ဖေဖော်ဝါရီလ (၁၇)ရက်နေ့မှစ၍ ဗီယက်နမ်မှ တင်သွင်းသော အသင့်စားခေါက်ဆွဲခြောက်များအတွက် စာရွက်စာတမ်းလိုအပ်ချက်များကို ဥရောပသမဂ္ဂဘက်မှ တောင်းဆိုခဲ့ကာ၊ သတိပေးချက် ထုတ်ပြန်လိုက်သည့် အသင့်စားခေါက်ဆွဲခြောက်များနှင့်စပ်လျဉ်း၍ ဗီယက်နမ်နိုင်ငံဘက်သို့ ပြန်လည်ပေးပို့ခြင်း မရှိသေးကြောင်းလည်း သတင်းရရှိပါသည်။

ရင်းမြစ်၊ vnexpress
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန

………………………………………………………………

## အမှာစာရရှိမှုများ နှေးကွေးလာသောကြောင့် အမြတ်အစွန်းရရှိမှု လျော့နည်းလာမည်ကို စိုးရိမ်နေသည့် ဗီယက်နမ် အထည်အလိပ်လုပ်ငန်းများ

ယခုနှစ် ဒုတိယနှစ်ဝက်၌ အမှာစာလက်ခံရရှိမှုများ နှေးကွေးလာသဖြင့် အမြတ်အစွန်းရရှိမှုများ လျော့နည်းလာမည်ကို ဗီယက်နမ်အထည်အလိပ်လုပ်ငန်းများက စိုးရိမ်နေကြပါသည်။ ဗီယက်နမ် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ အထည်အလိပ်လုပ်ငန်းအများစုမှာ တတိယသုံးလပတ် (သို့မဟုတ်) အောက်တိုဘာလအထိ ထုတ်လုပ်ရန်အတွက် အမှာစာများကို လက်ခံရရှိထားပြီးဖြစ်ကြောင်း သိရပါသည်။

သို့ရာတွင် အဓိကပို့ကုန်ဈေးကွက်များဖြစ်သည့် အမေရိကန်နှင့် ဥရောပသမဂ္ဂတို့ဘက်မှ ငွေကြေးဖောင်းပွမှုများကြောင့် ဒုတိယသုံးလပတ် အလယ်ပိုင်းမှစ၍ ကုန်မှာယူမှုများ နှေးကွေး

လာရာ၊ အထည်ချုပ်လုပ်ငန်း၏ ဖွံ့ဖြိုးမှုအရှိန်အဟုန်လည်း ကျဆင်းလာသည့်လက္ခဏာများ ပြသလာပါသည်။

အမှာစာအသစ်မှာယူသူများဘက်မှလည်း ကုန်မှာယူသည့်ကာလကို (၆)လမှ (၃)လသို့ တိုတိုတောင်းတောင်းလျှော့ချလာပါသည်။ အမေရိကန်ပြည်ထောင်စုသို့ လစဉ် ကလေးဝတ်အဝတ်အထည် (၈၀,၀၀၀) မှ (၁၀၀,၀၀၀)ခန့် တင်ပို့လေ့ရှိသည့် Dong Nai ရှိ လုပ်ငန်းက ပြီးခဲ့သည့်နှစ်လအတွင်း အမှာစာအသစ် လက်ခံရရှိခဲ့မှု (၂၀-၃၀) ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း၊ အမေရိကန်တွင် ငွေကြေးဖောင်းပွမှုကြောင့် မသုံးမဖြစ် ပစ္စည်းများအပေါ် ဝယ်ယူမှုအား လျှော့ချလာသဖြင့် ထိုကဲ့သို့ဆက်လက်ဖြစ်ပွားနေပါက ရေတိုကာလတွင် အနေအထား တိုးတက်မှုမရှိနိုင်သေးကြောင်း၊ ၎င်းအနေအထားမှာ ၂၀၂၃ ခုနှစ် အစောပိုင်းကာလအထိပင် ဖြစ်ပေါ်သွားနိုင်ကြောင်း၊ အမေရိကန်ဈေးကွက်နှင့် အလားတူဖြစ်သည့် ကနေဒါနှင့် မက္ကဆီကိုနိုင်ငံများ၏ ဈေးကွက်များတွင် မြင့်တင်ရောင်းချသွားရန် ဆောင်ရွက်နေကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အထူးဈေးရောင်းပွဲတော်များအတွက် စာချုပ်အချို့ရရှိရန် မျှော်လင့်ကြောင်း မှတ်ချက်ပြုပြောကြားပါသည်။

ယခုနှစ် အစောပိုင်းကာလ၌ ကပ်ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ခြင်း၊ နိုင်ငံများသို့ ဝင်ရောက်ခွင့်များအား ဖြေလျှော့ပေးလာခြင်းတို့ကြောင့် အမှာစာများကို လျင်မြန်စွာ တင်ပို့နိုင်ခဲ့သော်လည်း နောက်ပိုင်းကာလ၌ ကုန်ထုတ်လုပ်မှုကွင်းဆက်များတွင် သက်ရောက်မှုများစွာဖြစ်ပေါ်နေခြင်း၊ ရုရှားနှင့် ယူကရိန်းပဋိပက္ခကြောင့် အထည်ချုပ်လုပ်ငန်း၏ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်နေခြင်းတို့က ဖျင်စနှင့် ချည်ဈေးနှုန်းများကို ၂၀၂၁ ခုနှစ်၊ အလားတူကာလကထက် (၇-၁၀) ရာခိုင်နှုန်းနီးပါး တက်လာစေပါသည်။

ထို့ပြင် ကပ်ရောဂါနောက်ပိုင်းကာလ၌ လုပ်သားရှားပါးလာခြင်း၊ သယ်ယူပို့ဆောင်သည့် စရိတ်စကများမြင့်တက်လာခြင်း၊ လောင်စာဆီဈေးနှုန်းများကြောင့် လုပ်သားခမြင့်တက်လာခြင်းတို့က အထည်ချုပ်လုပ်ငန်းနှင့် ၎င်းနှင့်ဆက်စပ်နေသော ထုတ်လုပ်သူ၊ လက်လီရောင်းချသူများကို ထိခိုက်မှုများ ဖြစ်ပေါ်စေလျက် ရှိပါသည်။

ယူရိုငွေကြေး တန်ဖိုးလျော့ကျလာခြင်းကြောင့် ဥရောပသမဂ္ဂ နိုင်ငံများမှ ဝယ်ယူသူများ၏ အမြတ်ငွေရရှိမှုကို လျော့ကျလာရာ၊ အထည်များကို လက်ခံချုပ်လုပ်ပေးနေသည့် ဗီယက်နမ်နိုင်ငံမှ လုပ်ငန်းများအပေါ် သွယ်ဝိုက်၍ ရိုက်ခတ်လာခြင်း ဖြစ်ပါသည်။ အချို့အထည်အလိပ်လုပ်ငန်းများ၏ အမြတ်အစွန်းရရှိမှုမှာ ယခင်နှစ် အလားတူကာလကထက် (၈) ရာခိုင်နှုန်းခန့် ကျဆင်းမည်ဟု ခန့်မှန်းထားကြပါသည်။

Agribusiness & Trade

ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ စာရင်းများအရ ယခုနှစ် ပထမနှစ်ဝက်အတွင်း ဗီယက်နမ် အထည်ချုပ်လုပ်ငန်းများမှ ပို့ကုန်အမေရိကန်ဒေါ်လာ (၂၂.၃) ဘီလီယံဖိုး တင်ပို့နိုင်ခဲ့ကာ၊ ယခင်နှစ်ကထက် (၂၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ vnexpress
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန

.........................................................................

## ဇူလိုင်လ တတိယပတ်အတွင်းဖြစ်ပေါ်ခဲ့သော ရပ်ဝန်းနှင့် ပိုးလမ်းမ ထူးခြားသတင်းများ

ဇူလိုင်လ တတိယပတ် ရက်သတ္တပတ်အတွင်း ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းများမှာ အနောက်ဘက်တွင် ရင်းနှီးမြှုပ်နှံရန် အာရုံစိုက်လာပြီး၊ မကြာသေးမီက ရေးထိုးခဲ့သောဒေသတွင်းဆိုင်ရာ သဘောတူညီချက်များနှင့် ကုန်ထုတ်လုပ်မှုကွင်းဆက်များကြောင့် အရှေ့အလယ်ပိုင်းနှင့် အာရှ အလယ်ပိုင်းတို့တွင် လုပ်ဆောင်မှုများစွာ ရှိခဲ့ပါသည်။

### ရုရှား၊ အီရန်နှင့် တူရကီတို့ ပါဝင်ခဲ့ကြသည့် Tehran ဆွေးနွေးပွဲများ

ရုရှား၊ အီရန်နှင့် တူရကီသမ္မတများသည် ဆီးရီးယား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆွေးနွေးရန် Tehran ၌ တွေ့ဆုံခဲ့ကြပါသည်။ ထိုအတောအတွင်း ငြိမ်းချမ်းရေးကိစ္စအပြင် စွမ်းအင်နှင့် စားနပ်ရိက္ခာအကျပ်အတည်း၊ ယူကရိန်းအရေးကိစ္စများနှင့်စပ်လျဉ်းသည့် နှစ်နိုင်ငံဆွေးနွေးပွဲများကိုလည်း ပြုလုပ်ခဲ့ကြပါသည်။

### ၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း တူရကီရှိ ဥရောပ–အာရှ Ambarli ဆိပ်ကမ်းမှ တစ်ဆင့်ခံကုန်သေတ္တာသင်္ဘော တင်ပို့မှုများ မြင့်တက်လာခဲ့

ယခုနှစ် ပထမနှစ်ဝက်အတွင်း တူရကီ၏ Ambarli ဆိပ်ကမ်းမှ ကုန်သေတ္တာအလုံးရေ (၉.၆)သန်းကို လုပ်ငန်းဆောင်ရွက်ပေးခဲ့ရကာ၊၂၀၂၁ ခုနှစ်ကထက် သိသာစွာမြင့်တက်ခဲ့ကြောင်း၊ ထိုကဲ့သို့ မြင့်တက်ရခြင်းမှာ ယူကရိန်းပဋိပက္ခကြောင့်ဖြစ်ကြောင်း တူရကီ သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရပါသည်။

**တစ်ဆင့်ခံ ကုန်သွယ်ရေးဖွံ့ဖြိုးလာသောကြောင့် အာမေးနီးယားနိုင်ငံက စိုးရိမ်နေသော်လည်း အဇာဘိုင်ဂျန်နိုင်ငံက Zangazur စင်္ကြံအတွက် ဆွေးနွေးနေ**

အဇာဘိုင်ဂျန်နိုင်ငံသည် ၎င်း၏ ကုန်သေတ္တာနှင့် စွမ်းအင်တစ်ဆင့်ခံ တင်ပို့မှုစွမ်းရည်များရည် တိုးချဲ့လာသောကြောင့် Zangazur စင်္ကြံဖွံ့ဖြိုးလာရေးအတွက် လိုအပ်ချက် များကို ဆွေးနွေးလျက်ရှိပါသည်။ ယခုနှစ် ပထမနှစ်ဝက်အတွင်း အဇာဘိုင်ဂျန်နိုင်ငံကို ဖြတ်သန်းသွားသည့် တစ်ဆင့်ခံကုန်သေတ္တာများမှာ (၃၀)ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ကာ၊ Baku မှဖြတ်သန်း၍ INSTC သို့သွားသည့်အရေအတွက်မှာ (၃၀၀)ရာခိုင်နှုန်း မြင့်တက်ခဲ့ပါ သည်။ အဇာဘိုင်ဂျန်နိုင်ငံ၏ ပထဝီဝင်တည်ရှိမှုအနေအထားနှင့် ရှိပြီးအခြေခံအဆောက်အအုံများကြောင့် တစ်ဆင့်ခံသယ်ယူပို့ဆောင်ရေးအချက်အချာနေရာ ဖြစ်လာပါသည်။ သို့ရာတွင် Zangazur စင်္ကြံအတွက် အာမေးနီးယား၏လက်ခံမှုရရှိရန် အခက်ကြုံနေပါသည်။ တစ်ဖက်တွင်လည်း အာမေးနီးယန်း၏ ပထဝီနိုင်ငံရေးပြဿနာများထက် ဥရောပသမဂ္ဂနိုင်ငံများ စွမ်းအင်လိုအပ်ချက်က ပိုကြီးထွားလာနိုင်သောကြောင့် Zangazur စင်္ကြံ ဖြစ်ပေါ်လာနိုင်ခြေ ဘက်တွင် အလေးသာနေပါသည်။

**အပြည်ပြည်ဆိုင်ရာ မြောက်ပိုင်း – တောင်ပိုင်း ရထားလမ်း ချိတ်ဆက်မှုများကို ရုရှားက အီရန်နှင့် ရေနံကုန်ချင်းဖလှယ်ခြင်းဖြင့် အပြီးသတ်သွားမည်ဖြစ်**

Rasht–Atara နှင့် Rasht–Caspian ရထားလမ်းကြောင်းများမှာ အပြည်ပြည်ဆိုင်ရာ မြောက်ပိုင်း – တောင်ပိုင်း သယ်ယူပို့ဆောင်ရေးစင်္ကြံကို ပြည့်စုံသွားစေမည့် အစိတ်အပိုင်းများ ဖြစ်ကြပါသည်။ ၎င်းလမ်းကြောင်းများမှာ ကစ္စပီယန် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးကို အီရန်၏ ပါရှန်ပင်လယ်ကွေ့ဆိပ်ကမ်းများသို့ လမ်းပေါက်သည့် ရထားလမ်းနှင့် တိုက်ရိုက်ဆက်သွယ်ပေးထားပြီး၊ အရှေ့အလယ်ပိုင်း၊ အရှေ့အာဖရိက၊ အိန္ဒိယနှင့် တောင်အာရှကုန်ထုတ်လုပ်မှုကွင်းဆက်များသို့ လက်လှမ်းမီ ရောက်ရှိစေပါသည်။ အဆိုပါ အပြည်ပြည်ဆိုင်ရာ မြောက်ပိုင်း – တောင်ပိုင်း ရထားလမ်းချိတ်ဆက်မှုများကို ရုရှားက အီရန်နှင့် ရေနံကုန်ချင်းဖလှယ်ခြင်းဖြင့် အပြီးသတ်သွားမည်ဖြစ်ကြောင်း သိရပါသည်။

**Abraham သဘောတူညီချက်များက အရှေ့အလယ်ပိုင်းတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် တရုတ်နှင့် အနောက်ဘက်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နေ**

ဒူဘိုင်းမှာ အာရှကို ရည်ရွယ်သည့် ဟောင်ကောင်နှင့် စင်ကာပူတို့၏ ပင်လယ်ကွေ့မြို့တော်အဖြစ် အထူးပြု၍ အာရှ၏ ဘီလီယံ ရာပေါင်းများစွာတန်သည့် ရင်းနှီးမြှုပ်နှံမှုဝင်ရောက်သည့် နေရာတစ်နေရာ ဖြစ်လာစေရန် ၎င်း၏အနေအထားကို ပြောင်းလဲနေပါသည်။ ယခုနောက်

Agribusiness & Trade

ပိုင်းတွင် UAE မှာ ရုရှား၏ နိုင်ငံရပ်ခြားရှိ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများအတွက် အာရှရင်းနှီးမြှုပ်နှံမှုနောက်ခံပြုသည့်ရုံးစိုက်ရာနေရာ ဖြစ်လာနိုင်ဖွယ်ရှိပါသည်။

**ယခုနှစ် ပထမနှစ်ဝက်အတွင်း ကာဇက်စတန်နိုင်ငံ၏ ကစ္စပီယန်ပင်လယ်ဆိပ်ကမ်းများက လုပ်ငန်းဆောင်ရွက်ပေးခဲ့သည့် ကုန်သေတ္တာအရေအတွက် စံချိန်တင်မြင့်မားခဲ့**

ယခုနှစ် ပထမနှစ်ဝက်အတွင်း ကာဇက်စတန်နိုင်ငံ၏ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအခြေခံအဆောက်အအုံများကို အသုံးပြု၍ ကုန်သေတ္တာများ သယ်ယူပို့ဆောင်ခြင်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ (၉၀၇,၅၃၀) ရရှိခဲ့ကြောင်းနှင့် ထိုပမာဏမှာ ယခင်နှစ် အလားတူကာလကထက် (၅)ဆကျော် မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

**အာရှအလယ်ပိုင်း**

အာရှအလယ်ပိုင်းမှာ ဒေသတွင်းကုန်သွယ်ရေးကို အမေရိကန်ဒေါ်လာ (၁၅) ဘီလီယံအထိရောက်ရှိစေရန် (၃)ဆတိုး၍ ဆောင်ရွက်သွားရေးအတွက် အဓိကဖွံ့ဖြိုးမှုမောင်းနှင်အားများနှင့် အလားအလာများ ရှိနေပါသည်။ ခိရုကစ္စတန်နိုင်ငံတွင် ကျင်းပသည့် အာရှအလယ်ပိုင်းနိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး၌ ကာဇက်စတန်နိုင်ငံ သမ္မတက အာရှအလယ်ပိုင်းကုန်သွယ်ရေးအကြောင်း စိတ်ဝင်တစား ဆွေးနွေးထားသည်ဟု သိရပါ သည်။

ရင်းမြစ်၊ China Briefing
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန

……………………………………………………………………………………………

## ယူရိုဇုန်ဒေသ အတိုးနှုန်း မြှင့်တင်သတ်မှတ်ခြင်း (ဂျာမနီ)

European Central Bank (ECB) သည် ယူရိုဇုန်ဒေသ ငွေကြေးဖောင်းပွမှုနှုန်းကို ပြန်လည်ထိန်းချုပ်နိုင်ရန် ဆယ်စုနှစ်အတွင်း ပထမဦးဆုံးအကြိမ် ၎င်း၏ဘဏ်တိုးနှုန်းများကို – ၀.၅ ရာခိုင်နှုန်းမှ ၀.၅၀ ထပ်တိုး၍ ၀ ရာခိုင်နှုန်းသို့ ၂၁.၇.၂၀၂၂ ရက်နေ့က တိုးမြှင့်ပေးလိုက်ပါသည်။ အများစုက ၀.၂၅ ခန့်သာ ထပ်မံတိုးမြှင့်ပေးလိမ့်မည်ဟု ခန့်မှန်းထားရှိထားခြင်းကြောင့် အံ့သြမှုများလည်း ဖြစ်စေခဲ့ပါသည်။ ECB ၏ ယခင် Negative အတိုးနှုန်းများသည် ချေးယူမှုများကိုအားပေးသော်လည်း ယူရိုဇုန်ဒေသစီးပွားရေးကျဆင်း၍ ငွေကြေးဖောင်းပွမှုကို ဖြစ်လာချိန်တွင် အတိုးနှုန်းမြင့်တင် ပေးခြင်းဖြင့် ငွေကြေးဖောင်းပွမှုနှုန်း လျော့ကျစေရန် ဆောင်ရွက်လာခြင်းဖြစ်ပါ

သည်။ တစ်ဖက်တွင်လည်း ချေးငွေစရိတ်များကြီးမြင့်ခြင်းကြောင့် အီတလီ၊ စပိန်နိုင်ငံများတွင် လုပ်ငန်းများ အကြပ်အတည်းနှင့် တွေ့ကြုံရခြင်းများရှိခြင်းကြောင့် ECB က Bond markets ကို တိုးတက်စေရန်လည်း ဆောင်ရွက်ရန်ရှိပါသည်။

ECB ဥက္ကဋ္ဌ Ms.Christine Lagarde က အတိုးနှုန်းအတွက် ထပ်မံ၍ အစည်းအဝေးများ ပြုလုပ် ဆုံးဖြတ်သွားရန်ရှိကြောင်း၊ ဂျာမန်ဖက်ဒရယ် ဘဏ္ဍာရေးဝန်ကြီး Mr.Christian Lindner က၊ မိမိတို့အနေဖြင့် စီးပွားရေးစနစ်သစ်ကို တွေကြုံနေရကြောင်း၊ ပြောကြားခဲ့ပါသည်။ အတိုးနှုန်းမြှင့်တင်ပြီးနောက်ပိုင်း ယခုအခါ ယူရိုငွေကြေးတန်ဘိုး အနည်းငယ် ပြန်လည်မြင့်တက်လာပြီး ရုရှားနိုင်ငံရှိ Nord Stream 1 pipeline (၁၀) ရက်ကြာ ပြင်ဆင်မှု ပြီးစီးပြီးနောက် ဓါတ်ငွေ့များပြန်လည် ဝင်ရောက်လာခြင်းသည်လည်း အကြောင်းတစ်ချက် ဖြစ်ပါသည်။

ယူရိုဇုန်ဒေသတွင် ဇွန်လအတွင်းက ငွေကြေးဖောင်းပွမှုနှုန်း ၈.၆ ရာခိုင်နှုန်းရှိခဲ့ပြီး ECB က အများဆုံး ၂ ရာခိုင်နှုန်းသို့ ရောက်ရှိလာစေရန် ရည်မှန်းထားပါသည်။ အမေရိကန်နိုင်ငံ Federal Reserve နှင့် Bank of England တို့က ECB ထက်စော၍ အတိုးနှုန်းများကို တိုးမြှင့်ထားရှိပြီးဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် ဘတ်ဂျက်လိုငွေပြမှုကို ဂျီဒီပီ၏ ၃၅ ရာခိုင်နှုန်းထက် ကျော်လွန်မရောက်ရှိစေရေးဆောင်ရွက်ရန် သတ်မှတ်ထားပါသည်။

Source:https://www.dw.com/en/european-central-bank-raises-interest-rates-amid-inflation/a-62546810

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

......................................................................

## ဂျာမနီနိုင်ငံရှိ Fruit Juice လုပ်ငန်းဈေးကွက်

ဂျာမနီနိုင်ငံရှိ သစ်သီးအချိုရည် (Fruit Juice) လုပ်ငန်းသည် စားသောက်ကုန်လုပ်ငန်းများအနက် အရေးပါသော လုပ်ငန်းတစ်ခုဖြစ်ပြီး နှစ်ပေါင်းတစ်ရာကျော်အတွင်း ဖွံ့ဖြိုးတိုးတက်မှုရရှိနေသော လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ နှစ်စဉ်အရောင်းဝင်ငွေများသည် ၁၉၅၀ ခုနှစ်တွင် ယူရို (၀.၀၂၆) ဘီလီယံမှ ၂၀၂၁ ခုနှစ်တွင် ယူရို (၃.၀၉) ဘီလီယံသို့ ရောက်ရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ထုတ်လုပ်သည့် လုပ်ငန်းပေါင်း(၃၁၁)ခု ရှိကာ လုပ်သားဦးရေ (၇၅၀၀)ခန့်က သစ်သီးဝလံဟင်းသီးဟင်းရွက် တန်ချိန်ပေါင်း (၈၀၀၀၀၀)မှ စုစုပေါင်း လီတာ ၃.၀၆ ဘီလီယံကို ထုတ်လုပ်နိုင်ခဲ့ပါသည်။ ဂျာမန်စားသုံးသူများသည် သစ်သီးအချိုရည်နှင့် ဖျော်ရည်စုံ (Fruit Juice and nectar) များစွာသောက်သုံးလေ့ရှိကြပြီး လူတစ်ဦးချင်း စားသုံးမှုအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ၂၈.၅

လီတာ ရှိပါသည်။ အမေရိကန်နိုင်ငံတွင် လူတစ်ဦးချင်းစားသုံးမှု (၂၂.၈) လီတာနှင့် ပိုလန်နိုင်ငံတွင်(၂၁.၉) လီတာရှိပါသည်။

Fruit Juice များအနက် ဂျာမနီနိုင်ငံတွင် လိမ္မော်ရည်နှင့် ပန်းသီးဖျော်ရည်များမှာ လူကြိုက်အများဆုံးဖြစ်ပြီး တစ်ဦးချင်း သောက်သုံးမှု (၆.၉)လီတာနှင့် (၅.၆)လီတာ အသီးသီး ရှိကြပါသည်။ အခြားအမျိုးအစားများဖြစ်သည့် Multivitamin fruit juice၊ စပျစ်သီးနှင့် နာနတ်သစ်သီးအချိုရည်များကိုလည်း သောက်သုံးမှု ရှိကြပါသည်။ ပြန်လည်အသုံးပြုနိုင်သော ပုလင်းခွံများကို အသုံးပြုသည့်စနစ်ကို ကျင့်သုံးပါသည်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားသည့် ကာလအတွင်း Fruit Juice သောက်သုံးသူများ ယခင်ကထက် ပိုမိုများပြားလာခဲ့ပြီး သဘာဝအတိုင်း ထုတ်လုပ်ထားသော အချိုရည်များကို ပိုမိုကြိုက်နှစ်သက်ကြပါသည်။

Association of the German Fruit Juice Industry (VdF) သည် Fruit and vegetable Juice/ nectar ထုတ်လုပ်သည့်လုပ်ငန်းများအကျိုးစီးပွားအတွက် နိုင်ငံတွင်းနှင့် နိုင်ငံတကာ အဆင့်လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးနေပြီး လုပ်ငန်းပေါင်း(၁၈၅) ခုကို တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ကာ (၁၄၁)ခုကို ဒေသအလိုက် အသင်းအဖွဲ့(၄)ခုမှတဆင့် ဆောင်ရွက်လုပ်ကိုင်ပါသည်။ VdF ၏ Recipe session က အဖွဲ့ဝင်ကုမ္ပဏီများအတွက် အချိုရည်နှင့် ဖျော်ရည်အရသာပိုင်း၊ အချိုပွဲ၊ အသုပ်၊ ကော့တေးလ် စသည်တို့အတွက် တီထွင်ဆန်းသစ်မှုများ ပေါင်းစပ်ကာ ပြင်ဆင်သင့်သည့် recipe အသစ်များကို အကြံပြုပံ့ပိုးပေးပါသည်။ VdF သည် European fruit juice association (AIJN)နှင့် International Federation of Fruit Juice Producers (IFU) တို့နှင့် ပူးပေါင်းဆောင်ရွက်ကာ သစ်သီးအချိုရည်နှင့် ဖျော်ရည်များ အရည်အသွေးမြင့်မားရေးကိုလည်းဆောင်ရွက်လျှက်ရှိပါသည်။ AIJN နှင့် အီးယူအဖွဲ့ဝင်များသည် ၁၉၉၄ ခုနှစ်တွင် သစ်သီးအချိုရည်၊ ဖျော်ရည်များအတွက် တစ်ပြေးညီအရည်အသွေးထိန်းသိမ်းမှု စနစ်တစ်ခုအနေဖြင့် European Fruit Juice Control System (EQCS)ကို စတင်တည်ထောင်၍ တိုးတက်အောင်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် European Fruit Juice Control System (EJCS) အမည်ဖြင့် ဆက်လက်ဆောင်ရွက်လျှက်ရှိပါသည်။ မြန်မာနိုင်ငံတွင် သစ်သီးဝလံ ဟင်းသီးဟင်းရွက်များ ပေါကြွယ်ဝခြင်းကြောင့် အရည်အသွေးမီ အချိုရည်နှင့် ဖျော်ရည်များ ထုတ်လုပ်တင်ပို့ရန်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပို့ကုန်ဝင်ငွေတိုးမြှင့်နိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

Source: https://www.fruchtsaft.de

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

## Brexit ကာလနောက်ပိုင်း အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံအကြား စီးပွားရေးဆက်သွယ်ဆောင်ရွက်မှု အခြေအနေ

အီးယူအဖွဲ့ဝင်နိုင်ငံအဖြစ်မှ ယူနိုက်တက်ကင်းဒမ်းနိုင်ငံသည် အကူးအပြောင်းကာလပြီးဆုံးပြီး ၂၀၂၁ခုနှစ် ဇန်နဝါရီလမှစတင်၍ တရားဝင်နှုတ်ထွက်ခွင့်ရရှိပြီး Brexit ကာလနောက်ပိုင်း အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှုပိုင်း ဆက်သွယ်ဆောင်ရွက်မှုပိုင်း ပြောင်းလဲမှုအခြေအနေများကို လေ့လာနိုင်ပါသည်။

စီးပွားရေးတိုးတက်မှုပိုင်းတွင် လက်ရှိအကြပ်အတည်းကာလအတွင်း ငွေကြေးဖောင်းပွမှုနှုန်းထားအနေနှင့် အီးယူနိုင်ငံများနှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံတွင် ၈ ရာခိုင်နှုန်း ဝန်းကျင်တွင် ရောက်ရှိနေကြပါသည်။ ၂၀၂၀ ခုနှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် နိုင်ငံအားလုံး ကျဆင်းမှုဖြစ်ပေါ်ခဲ့ရာ ယူနိုက်တက်ကင်းဒမ်းနိုင်ငံတွင် စီးပွားရေးကျဆင်းမှု အဆိုးရွားဆုံးဖြစ်ပေါ်ခဲ့သော်လည်း ၂၀၂၁ ခုနှစ်နှင့် နောက်ပိုင်းကာလများတွင် အီးယူနိုင်ငံများထက် ပိုမိုတိုးတက်မှုရရှိခဲ့ကြောင်း၊ လေ့လာတွေ့ရှိရပါသည်။

ကုန်သွယ်မှုပိုင်းတွင် ဂျာမနီနိုင်ငံက ယူနိုက်တက်ကင်းဒမ်းနိုင်ငံသို့ တင်ပို့မှုပိုင်းတွင် ၂၀၂၁ ခုနှစ်၌ ကုန်စည်တင်ပို့မှုပိုင်းသည် ယူရို (၆၆.၇) ဘီလီယံဖြင့် ၂၀၂၀ ခုနှစ်ကထက် တိုးတက်လာကြောင်း၊ တင်သွင်းမှုပိုင်းတွင် ယခင်ကထက် လျော့ကျလာကြောင်း တွေ့ရှိရပါသည်။ အီးယူဒေသတစ်ခုလုံးအနေဖြင့်လည်း ကုန်စည်တင်ပို့မှု၊ တင်သွင်းမှုများတိုးတက်လာနေကြောင်း၊ ကုန်စည်ကုန်သွယ်မှုပိုင်း အသာစီးရလျှက်ရှိကြောင်း အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

ငွေကြေးလဲလှယ်မှုနှုန်းများတွင် ဗြိတိသျှပေါင်စတာလင်ငွေမှာ Brexit ကာလ နောက်ပိုင်း ပိုမိုခိုင်မာမှုရှိလာပြီး ၂၀၂၂ ခုနှစ်ဖွန်လတွင် ၁ ယူရိုလျှင် ၀.၈၆ ပေါင်စတာလင်သို့ ရောက်ရှိလာပါသည်။

အလုပ်အကိုင်ခန့်ထားမှုပိုင်းတွင် ဂျာမန်နိုင်ငံသားများ ယူနိုက်တက်ကင်းဒမ်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်မှုသည် Brexit ကာလအတွင်း ပိုမိုများပြားကြောင်း၊ Brexit ကာလနောက်ပိုင်းတွင် အခြားအီးယူပြင်ပနိုင်ငံများမှ ဂျာမနီနိုင်ငံသို့ လာရောက်အလုပ် လုပ်ကိုင်သူဦးရေသည် သိသာစွာတိုးတက်လာသည်ကို တွေ့ရှိရပါသည်။ Federal Statistical Office (Destatis) ၏ စာရင်းများအရ လွန်ခဲ့သည့်(၁၀)နှစ်အတွင်း အီးယူပြင်ပနိုင်ငံများမှ လာရောက်အလုပ်လုပ်ကိုင်သူဦးရေသည် ၂၀၁၁ ခုနှစ်တွင် (၉၀၅၀၀) ဦးမှ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင်(၂၉၅၀၀၀) ဦးကျော်ထိ (၃)ဆကျော်တိုးတက်လာခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံများ အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့အတူ အီးယူအဖွဲ့ဝင်နိုင်ငံများမှ ရွှေ့ပြောင်းဝင်ရောက် လုပ်ကိုင်သူဦးရေမှာလည်း(၁၀)နှစ်

Agribusiness & Trade

ကျော်ကာလအတွင်း တိုးတက်လာခဲ့ရာ ပိုလန်နိုင်ငံမှ အများဆုံးဖြစ်ကာ ၎င်းနောက်တွင် ရိုမေးနီးယား၊ အီတလီ၊ ခရိုအေးရှား၊ ဘူဂေးရီယား၊ ဂရိ၊ ဟန်ဂေရီ နိုင်ငံတို့မှလည်း လာရောက်လုပ်ကိုင်ကြပါသည်။

Source: https://www.destatis.de/EN/Press/2022/07/PE22_N045_122.html

https://www.destatis.de/Europa/EN/Topic/Brexit/_node.html

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

……………………………………………………………………………………………

Agribusiness & Trade